ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 19 November 2025 ၁၂၀၀၆

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေး ပထမနေ့ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၈**

နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆



နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေး ပထမနေ့ကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပစဉ်။

**ယနေ့ ဖတ်စရာ**

**သဇင်လှိုင်မြဲ စာဆိုပွဲ** ဆောင်းပါး စာမျက်နှာ » ၆

**၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ၊ ပုလဲအတွဲပေါင်း ၂၂၄ တွဲ ရောင်းချရ**

စာမျက်နှာ » ၇

**တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) မအူပင်မြို့နယ်သို့ ရောက်ရှိ၊ လေးအိမ်စုကျေးရွာ၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ စတင်ဆောင်ရွက်**

စာမျက်နှာ » ၁၈

**မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၃၁၇ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်**

စာမျက်နှာ » ၂၀



ကြေးမုံ

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များဖော်ဆောင်

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ကို ဖွဲ့စည်းပြီးနောက် “နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”၊ “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”၊ “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့” ဆိုသည့် ဆောင်ပုဒ်(၃)ခုကို ချမှတ်ပြီး ဆောင်ပုဒ်တစ်ခုချင်းအလိုက် ဦးတည်ချက်များ၊ ရည်မှန်းချက်များ၊ စီမံကိန်းများ အောင်မြင်စွာအကောင်အထည်ပေါ်လာအောင် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဦးတည်နှိုးဆော် ဆောင်ပုဒ်(၃)ခုသည် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာစေရန်အတွက် အဓိကကျသော အလုပ်လမ်းညွှန်များဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်လာစေရန် တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ရေခံ၊ မြေခံကောင်းများ ပြည့်စုံပြီးသားဖြစ်ပြီး စိုက်ပျိုးရန်အတွက် သဘာဝအခြေခံကောင်းများ ပိုင်ဆိုင်ထားပြီးဖြစ်သည်။ အဓိကမှာ ဒေသတစ်ခုလုံး၊ နိုင်ငံတစ်နိုင်ငံလုံးအနေဖြင့် အလုပ်လုပ်နိုင်သူများ အမှန်တကယ် အလုပ်လုပ်ကိုင်ကြမှသာ ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအားလုံး တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သကဲ့သို့ ဒေသတွင်းနေထိုင်ကြသော ပြည်သူအားလုံးကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်လာအောင် ဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကကဏ္ဍအတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးရှိသည့်လုပ်ငန်းစဉ်ဖြစ်သည်။ ကုန်ထုတ်လုပ်ငန်းများ အားကောင်းလာအောင် ဆောင်ရွက်ရာ၌ အတတ်ပညာများ တတ်မြောက်ကြရန်လိုအပ်သည်။ အတတ်ပညာများရရှိရန်အတွက် အတန်းပညာများ မြင့်မားလာရန်လိုအပ်သဖြင့် “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့” ဆောင်ပုဒ်ကို အောင်မြင်အောင် ဖော်ဆောင်ရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးမြှင့်တင်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ ပညာရေးအားနည်းသူများကို ကုန်ထုတ်စွမ်းအားမြှင့်တင်ရေးလုပ်ငန်းများ၌ ထိရောက်စွာအသုံးချနိုင်ရန် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့ကြပြီး မအောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူ အမြောက်အမြားရှိသည်။ ၎င်းတို့အတွက် မည်သို့အထောက်အကူပြုနိုင်မည်ကို စဉ်းစားဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုဆိုင်ရာ အထက်တန်းကျောင်းများနှင့် ပိုလီတက္ကနစ်ကျောင်းများ နိုင်ငံအနှံ့တွင် ဖွင့်လှစ်သင်ကြားပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

တိုးတက်သည့်နိုင်ငံတိုင်းသည် ပညာတတ်များ ပေါများကြွယ်ဝပြီး ရာနှုန်းပြည့်နီးပါးခန့် အဆင့်မြင့်ပညာတတ်မြောက်သည့် နိုင်ငံများဖြစ်သည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၌ အခြေခံပညာအဆင့်၊ အလယ်တန်းပညာအဆင့်၊ အထက်တန်းပညာအဆင့်နှင့် အဆင့်မြင့်ပညာအဆင့်များအလိုက် သင်ယူပြီးဆုံးမှုအနေဖြင့် ရာခိုင်နှုန်းအလိုက် နည်းပါးနေသည်ကို တွေ့ရသည်။ ပညာတတ်များ ရာခိုင်နှုန်းပြည့်မီစွာ ဖွံ့ဖြိုးတိုးတက်လာအောင် မဆောင်ရွက်နိုင်သေးမီ ကြားကာလများအတွင်း ပညာရေးကိုပြီးဆုံးအောင် မသင်ယူနိုင်ခဲ့သူ လူငယ်များအား ဒေသအလိုက် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး အမှန်တကယ် အလုပ်လုပ်နိုင်ခွင့်များရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း လိုအပ်လျက်ရှိသော တစ်ဧကအထွက်နှုန်းပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး၊ သီးထပ်စွမ်းအားမြင့်မားရေးကို အားပေးမြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ပါက ဒေသဝမ်းစာဖူလုံမှုနှင့် ဒေသဝင်ငွေတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ကုန်များ ပိုမိုထုတ်လုပ်ပြီး ပြည်ပသို့ပါ တင်ပို့နိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ နိုင်ငံအတွင်း ငွေကြေးလည်ပတ်မှုကောင်းမွန်လာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ရေ၊ မြေ၊ တော၊ တောင်၊ မြစ်ချောင်း၊ တောင်တန်းများပေါများပြီး သာယာလှပသည့်နိုင်ငံဖြစ်သည့်အပြင် ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်များ ပေါများသည့်နိုင်ငံဖြစ်သည်။ တန်ဖိုးကြီးမားသော အရင်းအမြစ်များ ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်နေစေရန် သဘာဝပတ်ဝန်းကျင် မပျက်ယွင်းအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်။ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းပြီး သာယာလှပသော သဘာဝပတ်ဝန်းကျင်နှင့် နှစ်လိုဖွယ်ရာအခင်းအကျင်းများ မပျက်ယွင်းဘဲ တည်တံ့နေမှသာ ပြည်တွင်း၊ ပြည်ပခရီးသွားများ စဉ်ဆက်မပြတ် တိုးတက်လာရောက်နိုင်ပြီး ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများပေါများကာ နိုင်ငံ့ဝင်ငွေလည်း တိုးတက်ရရှိလာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က ဦးတည်ရည်မှန်းချမှတ်ထားသော “နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”၊ “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့”၊ “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့”ဆိုသည့် ဆောင်ပုဒ်(၃)ခုကို လက်တွေ့အကောင်အထည်ပေါ်လာအောင် ဒေသတွင်းနေထိုင်သူများအားလုံးက အမှန်တကယ် အလုပ်လုပ်ကြရမည်ဖြစ်ပါကြောင်း။ ။

## သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး)တို့တွင် ကျောင်းအပ်လက်ခံမည့်ရက်နှင့် ကျောင်းစတင်ဖွင့်လှစ်မည့်ရက် ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၁၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ သမဝါယမကောလိပ်(မန္တလေး၊ ဖောင်ကြီး)တို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ပထမနှစ်(၂၀၂၅ ခုနှစ်အောင်) (ပထမနှစ်ဝက်)သင်တန်းနှင့် ဒုတိယနှစ် (ပထမနှစ်ဝက်)သင်တန်းများကို (၁၇-၁၁-၂၀၂၅) ရက်(တနင်္လာနေ့)မှစ၍ ကျောင်းအပ်လက်ခံပြီး (၂၄-၁၁-၂၀၂၅)ရက် (တနင်္လာနေ့)တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သမဝါယမဦးစီးဌာန**

## ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း ရွှေပြည့်အောင်ပွဲ မြို့တွင်း ဗုဒ္ဓစွယ်တော်မြတ်လှည့်လည်အပူဇော်ခံ

ညောင်ဦး နိုဝင်ဘာ ၁၈

ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံစေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးမြောက်ခြင်း အောင်ပွဲအထိမ်းအမှတ် မြို့တွင်း ဗုဒ္ဓစွယ်တော်မြတ် လှည့်လည်ပူဇော်ပွဲကို ယမန်နေ့တွင် ကျင်းပသည်။

မြို့တွင်း လှည့်လည်အပူဇော်ခံရာ ရွှေစည်းခုံဘုရား ဘဏ္ဍာတော်ထိန်းဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက စွယ်တော်မြတ်အား ပင့်ဆောင်၍ ရွှေစည်းခုံဘုရားတောင်ဘက် မေတ္တာစောင်းတန်းမှ ပင့်ဆောင်၍ မြို့တွင်းလှည့်လည်အပူဇော်ခံမည့် ရတနာဆင်ပေါ်သို့ ပင့်ဆောင်သည်။

ထို့နောက် ရွှေစည်းခုံစေတီတော် ဩဝါဒါစရိယ ဆရာတော်များ၊ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် အဖွဲ့ဝင်များဦးဆောင်မှုဖြင့် မြို့တွင်းသို့ ရတနာပုံဝင်း၊ ပုဂံဝင်း၊ နရည်းခုံ၊ ရွှေစည်းခုံပုံစံတုစေတီ၊ ပန်းခြင်းပူဇော်ခြင်းတို့ဖြင့် ဗုဒ္ဓစွယ်တော်မြတ်အား လှည့်လည်ပူဇော်ခံကာ ရွှေစည်းခုံစေတီတော် အရှေ့ဘက်မုခ်မှ ရွှေစည်းခုံဘုရားဝင်းအတွင်း ဝင်ရောက်၍ ရွှေစည်းခုံစေတီတော်အား လက်ယာရစ်လှည့်လည်အပူဇော်ခံခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၈

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Great Motor Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် KARRY ELEPHANT EV X5 နှင့် KARRY COWFISH EV E5 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Tharaphu Soe Myint Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် CHANGAN DEEPAL S7 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် နိုဝင်ဘာ ၁၇ ရက်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၁၈ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၇၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၈ - ၁၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၉၁၅ | ၇,၈၆၇,၀၀၀ |
| MTSH | ၃,၅၅၀ | ၃,၆၀၀ | ၂,၅၆၁ | ၉,၁၉၁,၅၅၀ |
| MCB | ၇,၆၀၀ | ၇,၅၀၀ | ၁၀ | ၇၅,၄၀၀ |
| FPB | ၂,၁၀၀ | ၂,၀၅၀ | ၁,၁၂၉ | ၂,၃၈၀,၆၅၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၄၄၄ | ၁,၂၈၇,၆၀၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၃,၁၀၁ | ၅,၂၄၆,၇၀၀ |
| AMATA | ၃,၆၀၀ | ၃,၆၀၀ | ၄ | ၁၄,၄၀၀ |
| MAEX | ၃,၁၅၀ | ၃,၁၀၀ | ၄၈၇ | ၁,၅၁၅,၀၅၀ |
| MADPL(PLB) | ၂,၆၅၀ | ၂,၆၅၀ | ၆၀ | ၁၅၉,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ

[၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)၊ အင်္ဂါနေ့]

နဝမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော် သံဃမဟာနာယကဆရာတော် အရှင်မြတ်တို့ဘုရား–

ကိုယ်၏ပင်ပန်းနွမ်းနယ်မှုကို အလေးဂရုမထားဘဲ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးပေးကာ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်များကို ရွှင်ရွှင်လန်းလန်း ကျန်းကျန်းမာမာ တွေ့မြင်ရပါသဖြင့် နှစ်သက်ရွှင်လန်းဝမ်းမြောက်မှု ပီတိသောမနဿများ ဖြစ်ပွားရပါကြောင်း ဦးစွာလျှောက်ထားအပ်ပါသည် ဘုရား။

ဤအစည်းအဝေး၌ ဆရာတော်တို့အား ဝိနယပိဋက၊ စူဠဝဂ္ဂပါဠိတော်၌ လာသော

**သုခါ ဗုဒ္ဓါနမုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ၊**
**သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ**

ဟူသော မြတ်စွာဘုရား၏ သုခလေးဖြာ ဩဝါဒကထာကိုပင် လျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

(၁) သဗ္ဗညုဘုရားရှင်တို့၏ ပွင့်ထွန်းပေါ်ပေါက်တော်မူလာခြင်းကို ဗုဒ္ဓုပ္ပါဒသုခဟု ခေါ်ဆိုရပါသည်။
(၂) သဗ္ဗညုဘုရားရှင်တို့၏ သဒ္ဓမ္မသုံးဖြာဒေသနာတော်ကို လူနတ်ဗြဟ္မာသတ္တဝါတို့အား ဟောကြားတော်မူခြင်းကို သဒ္ဓမ္မဒေသနာသုခဟု ခေါ်ဆိုရပါသည်။
(၃) သံဃာတော်၏ ညီညွတ်ခြင်းကို သံဃသာမဂ္ဂီသုခဟု ခေါ်ဆိုရပါသည်။
(၄) ညီညွတ်သော သံဃာတော်၏ သမ္မပ္ပဓာန လုံ့လဝီရိယ လေးပါးကို ပွားများကြိုးကုတ်အားထုတ်ကျင့်သုံးခြင်းကို တပေါသုခ ဟု ခေါ်ဆိုရပါသည်ဘုရား။

အနည်းငယ်ချဲ့၍ ရှင်းလင်းလျှောက်ထားရပါလျှင် အကယ်၍သာ သဗ္ဗညုဘုရားရှင် ပွင့်ထွန်းတော်မမူခဲ့ပါလျှင်၊ ပွင့်ထွန်းတော်မူပါသော်လည်း သူတော်ကောင်းတရားကို ဟောကြားတော်မမူခဲ့လျှင် လူနတ်ဗြဟ္မာသတ္တဝါတို့ ပွားများကျင့်သုံးရမည့် ကုသိုလ်တရား၊ ပယ်ရှားထွက်ခွါရမည့် အကုသိုလ်တရားတို့ကို ခွဲခြားပိုင်ပိုင် မသိနိုင်ကြသောကြောင့် ပွားများရမည့် ကုသိုလ်တရားကို မပွားများ မကျင့်သုံးကြရ၊ ပယ်ရမည့်အကုသိုလ် ဒုစရိုက်တရားကို မပယ်ရှား မထွက်ခွါကြဘဲ **"ပါပသ္မိံ ရမတိ မနော"** ဟူသော ဓမ္မပဒ၊ ပါပဝဂ်လာ ဒေသနာတော်အတိုင်း အကုသိုလ်ဒုစရိုက်တို့၌သာ ပျော်ပိုက်လေ့ရှိကြသဖြင့် ဒုဂ္ဂတိဘဝများသို့သာ လားရောက်ကြ၍ ဒုက္ခကြီးစွာ တွေ့ကြုံခံစားရမည်သာဖြစ်ပါသည်ဘုရား။

ယခု ဗုဒ္ဓုပ္ပါဒနဝမခေတ်တွင်မူ မြတ်စွာဘုရား ပွင့်တော်မူ၍ သူတော်ကောင်းတရားကို ချီးမြှင့်ဟောကြားတော်မူခြင်းကြောင့် လူနတ်ဗြဟ္မာသတ္တဝါတို့ ပွားများကျင့်သုံးရမည့် ကုသိုလ်တရား၊ ပယ်ရှားရမည့် အကုသိုလ်တရားတို့ကို ခွဲခြားသိမြင်ကြ၍ ကုသိုလ်တရားကို ပွားများ၊ အကုသိုလ်တရားတို့ကို ပယ်ခွါရှောင်ရှားနိုင်ကြသဖြင့် ဘုရားရှင်တို့ ပွင့်ပေါ်တော်မူခြင်းကို **"ဗုဒ္ဓုပ္ပါဒသုခ"**၊ သူတော်ကောင်းတရား ဟောကြားတော်မူခြင်းကို **"သဒ္ဓမ္မဒေသနာသုခ"**ဟု ခေါ်ဆိုရပါသည်ဘုရား။

ဤသုခနှစ်ပါးတို့သည် တပည့်တော်များ ပြုလုပ်အားထုတ်၍ ရစကောင်းသော သုခများမဟုတ်ကြ၊ ဘုရားရှင်တို့ ကိုယ်တော်တိုင်သာ ပြုလုပ်နိုင်သော ဘုရားရှင်တို့နှင့်သာ သက်ဆိုင်သော သုခများ ဖြစ်ကြပါသည်ဘုရား။ ဤသုခနှစ်ပါးတို့ကို ဘုရားရှင်ကိုယ်တော်မြတ်က လူနတ်ဗြဟ္မာသတ္တဝါတို့အတွက် အပြည့်အစုံ ချီးမြှင့်ဆောင်ရွက်တော်မူခဲ့ပြီး ဖြစ်ပါသည်ဘုရား။



တတိယမြောက် သံဃာတော်၏ ညီညွတ်ခြင်း သံဃသာမဂ္ဂီသုခနှင့်ပတ်သက်၍ လျှောက်ထားရပါလျှင် ဘုရားရှင်၏တပည့်သာဝက သံဃာတော်များ မညီညွတ်ခဲ့ပါက ဝိဝါဒ–ငြင်းခုံမှု၊ ဝိဂ္ဂဟ–ဆန့်ကျင်မှု၊ ကလဟ– ကိုယ်နှုတ်ထိပါး ခိုက်ရန်ပွားမှုများဖြစ်ကြ၍ လူနတ်ဗြဟ္မာ သတ္တဝါတို့ ဆင်းရဲဒုက္ခကြီးစွာ ရောက်ကြရမည်သာ ဖြစ်ပါသည်ဘုရား။ အကြင်ရွာ၊ အကြင်မြို့၊ အကြင်တိုင်းနိုင်ငံ၊ အကြင်ကျောင်းတိုက်၊ အကြင်အသင်းအဖွဲ့၌ အချင်းချင်း မညီမညွတ် စိတ်ဝမ်းကွဲပြားကြ၏။ ထိုရွာ၊ ထိုမြို့၊ ထိုတိုင်းနိုင်ငံ၊ ထိုကျောင်းတိုက်၊ ထိုအသင်းအဖွဲ့သည် မချမ်းသာဘဲ ဆင်းရဲနေမည်သာ ဖြစ်ပါသည်ဘုရား။

ဣတိဝုတ္တက ပါဠိတော်၊ သံဃဘေဒသုတ်၌–

"ဧကော ဓမ္မော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနာ ဟိတာယ ဗဟုဇနာသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ။ ကတမော ဧကော ဓမ္မော သံဃဘေဒေါ။ သံဃေ ခေါ ပန ဘိက္ခဝေ ဘိန္နေ အညမညံ ဘဏ္ဍနာနိ စေဝ ဟောန္တိ၊ အညမညံ ပရိဘာသာ စ ဟောန္တိ၊ အညမညံ ပရိက္ခေပါ စ ဟောန္တိ၊ အညမညံ ပရိစ္စဇနာ စ ဟောန္တိ၊ တတ္ထ အပ္ပသန္နာ စေဝ နပ္ပသီဒန္တိ၊ ပသန္နာနဉ္စ ဧကစ္စာနံ အညထတ္တံ ဟောတိ။

ရဟန်းတို့ တစ်ခုသောတရားသည် လောက၌ ဖြစ်ပေါ်လာသည်ရှိသော် လူအများ စီးပွားမဲ့ရန်၊ ချမ်းသာမဲ့ရန်၊ အကျိုးမဲ့ရန်၊ နတ်လူတို့ စီးပွားမဲ့ရန်၊ ဆင်းရဲရန်ဖြစ်၏။ တစ်ခုသော တရားဟူသည် အဘယ်နည်း။ သံဃာကွဲပြားခြင်းပင်တည်း။ ရဟန်းတို့ သံဃာကွဲပြားသည်ရှိသော် (သံဃာကွဲပြားခြင်းကြောင့်) အချင်းချင်းငြင်းခုံမှု၊ ခြိမ်းခြောက်မှု၊ ပြစ်တင်ရှုတ်ချမှု၊ အချင်းချင်း နှင်ထုတ်စွန့်လွှတ်မှုတို့ ဖြစ်ကြရကုန်၏။ ထိုသံဃာကွဲပြားရာ၌ မကြည်ညိုသောသူတို့လည်း မကြည်ညိုကြတော့ကုန်၊ ကြည်ညိုပြီးသော အချို့သူတို့လည်း အကြည်ညိုပျက်ကြကုန်၏"ဟု ဘုရားရှင်ဟောကြားတော်မူခဲ့ပါသည် ဘုရား။

ဣတိဝုတ္တက ပါဠိတော်၊ သံဃသာမဂ္ဂီသုတ်တော်၌–

"ဧကော ဓမ္မော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ ဗဟုနော ဇနဿ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ ကတမော ဧကော ဓမ္မော သံဃသာမဂ္ဂီ။ သံဃေ ခေါ ပန ဘိက္ခဝေ သမဂ္ဂေ န စေဝ အညမညံ ဘဏ္ဍနာနိ ဟောန္တိ၊ န စ အညမညံ ပရိဘာသာ ဟောန္တိ၊ န စ အညမညံ ပရိက္ခေပါ ဟောန္တိ၊ န စ အညမညံ ပရိစ္စဇနာ ဟောန္တိ၊ တတ္ထ အပ္ပသန္နာ စေဝ ပသီဒန္တိ၊ ပသန္နာနဉ္စ ဘိယျောဘာဝေါ ဟောတိ။

ရဟန်းတို့ တစ်ခုသောတရားသည် လောက၌ ဖြစ်ပေါ်လာသည်ရှိသော် လူအများ အစီးအပွားဖြစ်ရန်၊ ချမ်းသာရန်၊ အကျိုးရှိရန်၊ နတ်လူတို့ အစီးအပွားဖြစ်ရန်၊ ချမ်းသာရန်သာ ဖြစ်ပေ၏။ တစ်ခုသောတရားဟူသည် အဘယ်နည်း။ သံဃာညီညွတ်ခြင်းပင်တည်း။ ရဟန်းတို့ သံဃာညီညွတ်သည်ရှိသော် (သံဃာညီညွတ်ခြင်းကြောင့်) အချင်းချင်းငြင်းခုံမှု၊ ခြိမ်းခြောက်မှု၊ ပြစ်တင်ရှုတ်ချမှု၊ အချင်းချင်း နှင်ထုတ်စွန့်လွှတ်မှုတို့ မဖြစ်ကြကုန်။ ထိုသံဃာ ညီညွတ်ရာ၌ မကြည်ညိုသေးသူတို့လည်း ကြည်ညိုကြကုန်၏။ ကြည်ညိုပြီးသူတို့လည်း တိုး၍ကြည်ညိုကြကုန်၏၊" ဟု မြတ်စွာဘုရားရှင် ဟောကြားတော်မူပါသည်ဘုရား။ ထို့ကြောင့် သံဃာတော်၏ညီညွတ်ခြင်းကို သံဃသာမဂ္ဂီသုခ ဟု ခေါ်ဆိုရပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

သံဃာတော်တို့ မကွဲပြား ညီညွတ်ရုံသာ ညီညွတ်ကြ၍ သမ္မပ္ပဓာန်လေးပါး အကျင့်တရားကို ကျင့်သုံးအားထုတ်မှုမရှိကြဘဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေကြပါလျှင် ချမ်းသာသုခကို ရနိုင်ကြမည်မဟုတ်ပါဘုရား။ ညီညွတ်သော သံဃာတော်တို့ သမ္မပ္ပဓာန်လေးပါး အကျင့်တရားကို ပွားများကြိုးကုတ်အားထုတ်မှသာ ချမ်းသာသုခကို ရရှိနိုင်ကြမည်ဖြစ်ပါသည်။ ထို့ကြောင့် ညီညွတ်သော သံဃာတော်၏ သမ္မပ္ပဓာန်လေးပါး အကျင့်တရားကို ပွားများ ကြိုးကုတ်အားထုတ်ခြင်းကို "တပေါသုခ" ဟု ခေါ်ဆိုရခြင်းဖြစ်ပါသည်ဘုရား။

တပည့်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၊ ဂိုဏ်းအသီးသီးရှိ အယူသီလ တူညီကြကုန်သော တစ်ပြည်လုံးရှိ သံဃာတော်များ ၁၉၈၀ ပြည့်နှစ်တွင် ပြည့်ပြည့်ဝဝညီညွတ်မှုရရှိကာ သာသနာ့သမိုင်းဝင် ဂိုဏ်းပေါင်းစုံ သံဃာအစည်းအဝေးကြီး ကျင်းပနိုင်ခဲ့ပါသည်ဘုရား။ တပည့်တော်တို့၏ ရှေးရှေး သီလဝန္တ သိက္ခာကာမ သာသနာ့ အာဇာနည် ဆရာအရှင် မထေရ်မြတ်ကြီးများ၏ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးစသော ရည်ရွယ်ချက်များ၊ "သံဃာ့ကိစ္စ သံဃာဆောင်ရွက်"မှုများနှင့် အညီ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်း ဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းနိုင်ခဲ့ပါသည်ဘုရား၊

ထိုရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့သော ဓမ္မဝိနယနှင့် ညီညွတ်၍ ခေတ်ကာလနှင့်လျော်ညီသော ပြဋ္ဌာန်းချက်များအတိုင်း တပည့်တော်တို့ သံဃပိတု သံဃာ့ဥဒ္ဒေါင်မထေရ်တို့ ထိန်းသိမ်းဆောင်ရွက်ခဲ့ကြသည့် နည်းအတိုင်း သံဃာတော်များ အစဉ်အဆက် ညီညီညွတ်ညွတ် ဆောင်ရွက်လာခဲ့ကြသည်မှာ ပထမအကြိမ် ၅ နှစ်သက်တမ်းမှ ယခု နဝမအကြိမ်အထိ ရောက်ရှိလာခဲ့ပြီးဖြစ်ပါသည် ဘုရား။ ထိုသို့ သံဃနာယကအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လာကြသည့် ၄၅ နှစ် သက်တမ်းတွင် သာသနပစ္စတ္ထိကဖြစ်သည့် သာသနာအတွင်းရန်သူအပြင် ရန်သူအမျိုးမျိုးကို ရှင်းလင်းသုတ်သင်၍ ဘုရားရှင်၏ သာသနာတော်မြတ်ကြီးအား သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ငန်းကြီးများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြပါသည်ဘုရား။ ဥပမာဆောင်ပြရလျှင် ခေတ်အဆက်ဆက် နှိမ်နင်းဆောင်ရွက်ခဲ့ကြသော ဓမ္မ အဓမ္မ၊ ဝိနယ အဝိနယ ကိစ္စရပ်များ၊ လက်ရှိတပည့်တော်တို့ကာလတွင် သာသနာအတွင်းသား ရဟန်းသာမဏေ အချို့၏ မြေပြင် သမဏသာရုပ္ပ မဆောင်သည့် ပြုမူဆောင်ရွက်ချက်များ၊ လူမှုကွန်ရက်ပေါ်တွင် သမဏသာရုပ္ပ မဖြစ်သည့် လွှင့်တင်မှုများ မဖြစ်စေရေး တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့များကတစ်ဆင့် မြို့နယ်သံဃနာယကအဖွဲ့များထံ၊ မြို့နယ်သံဃနာယကအဖွဲ့များကတစ်ဆင့် သက်ဆိုင်ရာကျောင်းတိုက်၊ ကာယကံရှင်များထံ တားမြစ်ရ ဆုံးမဩဝါဒပေးရသည့် ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ကြရပါသည်ဘုရား။ သာသနာအတွင်းသား ရဟန်းသာမဏေ မဟုတ်သည့် အခြားပုဂ္ဂိုလ်များ၏ ဘုရားရှင်သာသနာတော်ကို ထိခိုက်အောင်၊ သာသနာတော်ညှိုးနွမ်းအောင် ဆောင်ရွက်ချက်များ လူမှုကွန်ရက်များဖြစ်သော ဖေ့စ်ဘွတ်ခ်၊ တစ်တော့၊ ယူကျုစသည်တို့တွင် ပျံ့နှံ့လာသောကြောင့် ဓမ္မစက် အာဏာစက်ဖြင့် ထိရောက်စွာ အရေးယူရခြင်းများလည်း ရှိနေပါသည် ဘုရား။ ထိုသို့သော ကိစ္စရပ်များကိုလည်း သံဃနာယကအဆင့်ဆင့်အနေဖြင့် မျက်ခြည်မပြတ် ဂရုတစိုက် ဆောင်ရွက်ရန် လိုအပ်ပါသည်ဘုရား။ ဤသို့ ဆောင်ရွက်လာနိုင်ခဲ့ကြခြင်းသည် ဘုရားရှင်၏ အဆုံးအမ သာမဂ္ဂီသုခ၊ တပေါ သုခနှစ်ပါးအတိုင်း အစဉ်အဆက် ထိန်းသိမ်းခဲ့ကြခြင်းကြောင့်သာ နှစ်ပေါင်းများစွာ ညီညီညွတ်ညွတ် ကျော်ဖြတ်နိုင်ခဲ့ကြခြင်းဖြစ်သည်ဟု လျှောက်ထားလိုပါသည်ဘုရား။

ဘုရားရှင်မိန့်ကြားတော်မူခဲ့သော သုခလေးဖြာ ဩဝါဒကထာတို့တွင် ဗုဒ္ဓုပ္ပါဒသုခနှင့် သဒ္ဓမ္မဒေသနာ သုခနှစ်ပါးတို့သည် တပည့်တော်တို့က ပြုလုပ်အားထုတ်၍ ရကောင်းသော သုခမဟုတ်ကြ၊ ဘုရားရှင်တို့သာ ပြုလုပ်နိုင်သော သုခနှစ်ပါး၊ ဘုရားရှင်တို့နှင့်သာ သက်ဆိုင်သော သုခနှစ်ပါး ဖြစ်ကြပါသည်ဘုရား။

**စာမျက်နှာ ၄ သို့** ❂

❂ စာမျက်နှာ ၃ မှ
သာမဂ္ဂီသုခ၊ တပေါသုခနှစ်ပါးတို့သည် ဘုရားရှင်၏ တပည့်သာဝက သံဃာတော် အပေါင်း၏ တာဝန်ဖြစ်သည့် သုခများ ဖြစ်ပါသည်ဘုရား။ ထို့ကြောင့် လူနတ် ဗြဟ္မာ သတ္တဝါများ စီးပွားချမ်းသာ ဖြစ်စေရန်၊ ဘုရားရှင်သာသနာတော်ကြီး အရှည်တည်တံ့ခိုင်မြဲ၍ စည်ပင်ပြန့်ပွား ထွန်းကားတိုးတက်စေရန်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးနှင့် အဆင့်ဆင့်သော သံဃာ့အဖွဲ့အစည်းတို့ အရှည်တည်တံ့ခိုင်မြဲ၍ စိတ်ချမ်းသာစွာဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြစေရန် ရည်သန်တော်မူကြ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ခွဲ အချင်းချင်းလည်းကောင်း၊ အဖွဲ့ဝင်အချင်းချင်းလည်းကောင်း၊ သံဃနာယကအထက်အဆင့် အောက်အဆင့် အချင်းချင်းလည်းကောင်း ကလဟ-ဝိဝါဒ မဖြစ်အောင် ညီညွတ်မှုရှိအောင် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်ဘုရား။

ထိုသို့ ဆောင်ရွက်ကြရာတွင် ဘုရားရှင်၏ သုခလေးဖြာ ဩဝါဒကထာလာ သာမဂ္ဂီသုခ၊ တပေါသုခနှစ်ပါးပြည့်ဝနိုင်ရေး ဦးတည်ကြရမည်ဖြစ်သကဲ့သို့ တပည့်တော်တို့၏ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းစသော ပြဋ္ဌာန်းချက်များ၊ ညွှန်ကြားလွှာများ စသည်တို့နှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်သည့်အပြင် သံဃာ့အဖွဲ့အစည်း အသီးသီးတွင်လည်း အဖွဲ့ငယ်တစ်ဖွဲ့၏ ဆောင်ရွက်ချက်ကို အခြားအဖွဲ့ငယ်များက အလေးဂရုပြု၍လည်းကောင်း၊ အဖွဲ့ဝင်တစ်ပါး၏ တင်ပြချက်ကို အခြားအဖွဲ့ဝင်များက အလေးဂရုပြု၍လည်းကောင်း၊ ၄၇ ပါးစုံညီ အစည်းအဝေး ဆုံးဖြတ်ချက်များကိုမူ အဖွဲ့ခွဲအားလုံးက အထူးပင် အလေးဂရုပြု၍လည်းကောင်း ပြေပြစ်ချောမောသဘောညီမျှစေရန် ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာ အပြည့်အဝထားတော်မူကြကာ ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်း ဆောင်ရွက်တော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်းလျက် တပည့်တော်၏ သာရဏီယ ဩဝါဒကထာကို နိဂုံးကမွတ် အဆုံးသတ်ပါသည် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား။

✰ ရှေ့ဖုံးမှ
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးမစတင်မီ ဒုတိယဝန်ကြီးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက် အောင်မြင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

**(နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၏ သာရဏီယ ဩဝါဒကထာကို စာမျက်နှာ ၃ တွင် ဖော်ပြထားပါသည်)**

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသက တင်သွင်းလျှောက်ထားပြီး နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပထမအကြိမ်တာဝန်ကျရာကာလ အတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဘဒ္ဒန္တဝိရောစနက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒပါလက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုဘောဂ ကလည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ဆက်လက်၍ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၁၀ နာရီ၌ ရပ်နားသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေး ပထမနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စရပ်များကိုတင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာ ကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီး သန်းရွှေ(ငြိမ်း) + ဒေါ်ကြိုင်ကြိုင် မိသားစုနှင့် ဓမ္မမိတ်ဆွေများက အရုဏ်ဆွမ်း၊ နေ့ဆွမ်း တစ်နေ့တာဆွမ်း ဆက်ကပ် လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**



နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တတိယအစည်းအဝေး ပထမနေ့ကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပစဉ်။

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး (၃၆)နှစ်မြောက် ကမ္ဘာ့ကလေးများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအခမ်းအနား တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၈**

(၃၆)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အကြိုလှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် KMA ဟိုတယ် ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ နေပြည်တော် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ရှေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကြီးကြပ်မှုကော်မတီဝင်များ၊ နေပြည်တော် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များ၊ နေပြည်တော်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ကလေးသူငယ်များနှင့် မိဘများ တက်ရောက်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဦးစွာ နေပြည်တော် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCRC) ပါ ကလေးသူငယ်အခွင့်အရေး (၄)ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အပြည့်အဝဖော်ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကလေးသူငယ်များ၏ အခွင့်အရေးများကို ကလေးတိုင်းရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်အချိန်အခါတွင် ကလေးသူငယ်များ ၎င်းတို့၏ အခွင့်အရေးများကို ပိုမိုရရှိလာစေရေးအတွက် "နေ့စဉ်အခွင့်အရေးများ မြှင့်တင်ရေး၊ ကလေးများအသံ နားထောင်ပေး" ("Listen To Children : My Day, My Rights") ဆိုသည့် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ကလေးများနေ့ ဆောင်ပုဒ်နှင့်အညီ ကလေးများနှင့် သက်ဆိုင်သည့် အခန်းကဏ္ဍအလိုက် လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ နေပြည်တော်အတွင်း ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (Early Childhood Care and Development)မှ ကလေးပြုစုစောင့်ရှောက်သူများအတွက် ရှေးဦးအရွယ်ကလေးသူငယ် စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းများနှင့် မူလတန်းကြိုကျောင်းများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ ဖွင့်လှစ်ပြီး နိုင်ငံ၏ အနာဂတ်ဖြစ်သည့် ရင်သွေးငယ်များကို စနစ်တကျ နည်းမှန်လမ်းမှန်ဖြင့် ပြုစုပျိုးထောင်ပေးစေလိုကြောင်း ပြောကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကလေးပြုစုရေးဌာနနှင့် နေပြည်တော်အတွင်းရှိ မူလတန်းကြိုကျောင်းများမှ သားငယ် သမီးငယ်လေးများ၏ တေးသီချင်းများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး သားငယ်သမီးငယ်လေးများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

**၃၉ ရက်**

**သာ လိုတော့သည်။**

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲ ပေးနိုင်ကြောင်း အသိပေးကြေညာခြင်း

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်

သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူဖွင့်လှစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ မကြာမီတွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများသည် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈ - ၁၂ - ၂၀၂၅ ရက်နေ့တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ကျောင်းတက်ရောက်နေကြရမည်ဖြစ်ပါသည်။ အဆိုပါ ကျောင်းသား၊ ကျောင်းသူများအနက် မိမိတို့ မဲစာရင်းပါရှိသည့် မဲဆန္ဒနယ်မြေပြင်ပတွင်ရှိသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် တက်ရောက်ကြရမည့် ကျောင်းသား၊ ကျောင်းသူများလည်း ပါဝင်မည်ဖြစ်ပါသည်။ မဲဆန္ဒနယ်မြေပြင်ပရောက် ကျောင်းသား၊ ကျောင်းသူများအနက် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈ - ၁၂ - ၂၀၂၅ ရက်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာကျောင်းများသို့ မသွားရောက်မီ မိမိတို့၏ မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ၁၇ - ၁၁ - ၂၀၂၅ ရက်နေ့မှ ၂၁ - ၁၁ - ၂၀၂၅ ရက်နေ့အထိ နံနက် ၀၉ ၀၀ နာရီမှ ညနေ ၁၆ ၃၀ နာရီအတွင်း မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့်အထောက်အထားတို့ကို ပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများ၊ ကြိုတင်ဆန္ဒမဲပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနှင့်စပ်လျဉ်း၍ သိရှိလိုသည်များ၊ ရွေးကောက်ပွဲအတွက် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ပြည်တွင်း ပြည်ပမှ မဲဆန္ဒရှင်ပြည်သူများ ဥပဒေနှင့်အညီ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်နေမှုများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပါအဝင် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ သံတမန်များအား ရွေးကောက်ပွဲစောင့်ကြည့်လေ့လာနိုင်ရေး ဆောင်ရွက်နေမှုများ၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ လုံခြုံအေးချမ်းစွာ မဲပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး



ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ သင်တန်းဖွင့်ပွဲ ကျင်းပ

**လွိုင်ကော် နိုဝင်ဘာ ၁၈**

ကယားပြည်နယ် အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိရာ ရွေးကောက်ပွဲတွင် မဲရုံများ၌ တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ နှင့် ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး ဝန်ထမ်းများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုသင်တန်းမှ ပို့ချမည့် သင်ခန်းစာများနှင့် လုပ်ငန်းတာဝန်များကို သေချာဖတ်ရှုလေ့လာပြီး လက်တွေ့လုပ်ငန်းဆောင်ရွက်ရာတွင် အမှားအယွင်းကင်းစွာ စနစ်တကျ ဆောင်ရွက်ကြရန်နှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင် ပြီးမြောက်စေရန်အတွက် လုပ်ငန်းတာဝန်များကို နိုင်ငံ့ဝန်ထမ်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းများ ပီသစွာဖြင့် ကျေပွန်စွာ ထမ်းဆောင်ကြစေလိုကြောင်း ပြောကြားပြီး မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်ရာ ပြည်နယ်ရွေးကောက်ပွဲအရာရှိက လက်ခံရယူသည်။

ထို့နောက် ပြည်နယ်ရွေးကောက်ပွဲ အရာရှိက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၃ ရက်အထိ အင်အား ၁၁၉၅ ဦးဖြင့် သင်တန်းခြောက်ကြိမ်ခွဲ၍ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

**ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်**

# သဇင်လှိုင်မြဲ စာဆိုပွဲ

## ရွှေကူနန်းနွဲ့နွဲ့ (အမျိုးသားစာပေဆုရ)

**ရာသီပန်းများ**

ပန်းကံ့ကော် ရွှေစံကား
ငွေသားနု စံပယ်မှန်။
မြတ်လေး ခတ္တာနှင့်
ရွှေရင်းမာ၊ ကြာခဝဲ
ဖွဲစနှင်းလျှံ။
သဇင်ကျုံ၊ ခွာတံပေါက်လဲ
ပွင့်ဝတ်ကယ် ရွှေဖီမင်း
သင်းထုံနံ့ကဲ။ ။ **ကင်းဝန်မင်းကြီး**

ကင်းဝန်မင်းကြီး၏လက်ရာ ဤကဗျာလေးမှာ တိုတိုလေးနှင့် ခရီးရောက်သော ကဗျာလေးပင်။ မြန်မာ့ဆယ့်နှစ်လတွင် ပန်းဆယ့်နှစ်မျိုးမက ပွင့်ကြပါသည်။ ပန်းမပွင့်သောလဟူ၍မရှိပါ။ ကဗျာတွင်ဖော်ပြသောပန်းများမှာမူကား လ၏ထင်ရှားသောပန်းများ ဖြစ်ပါသည်။

ရှေးစာဆိုကြီးများသည် ရာသီဘွဲ့များကို တေးသီချင်း၊ ကဗျာလင်္ကာများဖွဲ့၍ရေးသားထားခဲ့ကြရာ မဟာဂီတဝင်တေးသီချင်းအများအပြားရှိနေပါသည်။ မဟာဂီတဝင်တေးသီချင်းများကို တူရိယာဖြင့်တွဲဖက်၍ သတ်မှတ်တေးသွား၊ စည်းဝါးများနှင့် (သောတာလင်္ကာရ) နားဆင်မငြီးစရာ သီဆိုတီးမှုတ်ကြရာ စာဆိုတော်လဖြစ်သော နတ်တော်လတွင် ဦးဦးဖျားဖျားပွင့်လာကြသော သဇင်ပန်းကို စာဆိုတော်ဦးကြော့က တေးထပ်အဖြစ် ရေးဖွဲ့ခဲ့သည်ကို စာရေးသူနှစ်သက်လှသဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရိုက်ကူးထုတ်လွှင့်နေသော "ဆယ့်နှစ်လရာသီဘွဲ့ တေးကဗျာများ"တွင် နတ်တော်လဘွဲ့တေးတစ်ပုဒ်အဖြစ် ထုတ်လွှင့်ခဲ့ပါသည်။

**နတ်တော်လ သဇင်ပန်းတေးထပ်**

မိဂသီ စန္ဒာခလို့ ဟံသာစ တာရိန်၊
ယန္တာဟ ဝဠာရှိန်ငယ်၊ ပြာမှိန်မှိန်ရစ်သန်း၊
နတ်နိုးလသင်းခွေသည်
သွင်းတဲ့လေညင်း လေကဖြန်း။
တိုင်းကေတု မဟီသာဝယ်၊ ဝဇီရာကြင့်နန်း
တညီလာရွှေနန်းမှာ၊ ဗွေမန်းကြော့ဥကင်။
ဆက်ပဏ္ဏာချီ မီလုတာမို့၊ သိင်္ဂီဥ ပန်းမြသဇင်။ ။
စိန်စီနု ကလပ်တင်သည်၊ နတ်ဘုရင်ဆင်ယင်တုန်းခါမို့၊
အင်ဂမုန်း ဂန္ဓာရုံ၊ သင်းပျံ့ဝတ်မှုန်၊
ဦးသျှောင်ပန်း၊ သန်းရွှေလှုံသည်၊
နန်းရွှေဘုံ ထုံဆဲမို့လေး။ ။ (ဦးကြော့)

> ကောင်းကင်မှလမင်းကြီး တဖြည်းဖြည်းကြီးလာပြီး တစ်ခုလုံးပြည့်သွားခြင်း၊ တဖြည်းဖြည်းပြန်၍ဆုတ်ယုတ်ပါးလျားလာပြီး တစ်ခုလုံးကွယ်ပျောက်သွားခြင်းများကိုလည်း သတိမထားကြတော့။ အင်္ဂလိပ် လ၊ ရက်ကိုသာ အဓိကသိကြပြီး မြန်မာမှုများ တဖြည်းဖြည်းကွယ်ပျောက်လာနေသည်မှာ တိုင်းပြည်နှင့်လူမျိုးအတွက် ယဉ်ကျေးမှုအခြင်းအရာများ လုံးပါးပါးလာသည်ဟု ခံစားရပါသည်။

ရှေးစာဆိုကြီးများက ရာသီဘွဲ့ရေးဖွဲ့လျှင် လနှင့်ရာသီ၊ ရာသီနှင့်ပန်း၊ ကောင်းကင်နက္ခတ်များ၊ ပတ်ဝန်းကျင်မြင်ကွင်း၊ တောတောင်ရေမြေ၊ မြစ်ချောင်းအင်းအိုင်၊ ကျေးငှက်သာရကာ စသည်ဖြင့်စုံစေ့အောင် ရေးဖွဲ့ကြသည်ကြောင့် နှောင်းလူများ အသိဗဟုသုတ ရရှိစေပါသည်။

ယခုခေတ်လူများမှာမူကား မြန်မာပြက္ခဒိန်ကို မကြည့်တတ်၊ နားမလည်၊ အသုံးမပြုကြတော့ပါ။ လဆန်း၊ လဆုတ်၊ လပြည့်၊ လကွယ်လည်းမသိကြတော့ပါ။ ဝမ်းနည်းဖွယ်ကောင်းပါသည်။ ကောင်းကင်မှလမင်းကြီး တဖြည်းဖြည်းကြီးလာပြီး တစ်ခုလုံးပြည့်သွားခြင်း၊ တဖြည်းဖြည်းပြန်၍ ဆုတ်ယုတ်ပါးလျားလာပြီး တစ်ခုလုံးကွယ်ပျောက်သွားခြင်းများကိုလည်း သတိမထားကြတော့။ အင်္ဂလိပ် လ၊ ရက်ကိုသာ အဓိကသိကြပြီး မြန်မာမှုများ တဖြည်းဖြည်းကွယ်ပျောက်လာနေသည်မှာ တိုင်းပြည်နှင့်လူမျိုးအတွက် ယဉ်ကျေးမှုအခြင်းအရာများ လုံးပါးပါးလာသည်ဟု ခံစားရပါသည်။ ကောင်းသည့် လက္ခဏာမဟုတ်ပါ။

ရှေးပညာရှိ စာဆိုတို့ထားခဲ့သော မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ သိအပ်ဖွယ်ရာများကို လက်ဆင့်ကမ်းလိုပါသည် –

| လ | ရာသီ | နက္ခတ် | ပန်း |
|---|---|---|---|
| တန်ခူး | မိဿ | စိတြ | ကံ့ကော် |
| ကဆုန် | ပြိဿ | ဝိသာခါ | စံကားဝါ |
| နယုန် | မေထုန် | ဇေဋ္ဌ | စံပယ် |
| ဝါဆို | ကရကဋ် | ပြုဗ္ဗာသာဠ် | မြတ်လေး၊ (မုလေး) |
| ဝါခေါင် | သိဟ် | သရဝဏ် | ခတ္တာ |
| တော်သလင်း | ကန် | ပြုဗ္ဗဘဒြပိုဒ် | ရင်းမာ |
| သီတင်းကျွတ် | တူ | အဿဝနီ | ကြာပန်း |
| တန်ဆောင်မုန်း | ဗြိစ္ဆာ | ကြတ္တိကာ | ခဝဲပန်း |
| နတ်တော် | ဓနု | မိဂသီ | သဇင် |
| ပြာသို | မကာရ | ဖုဿျှ | ခွာညို |
| တပို့တွဲ | ကုံ | မာဃ | ပေါက်၊ လဲ |

ဤဇယားကိုကြည့်၍ ယခုနတ်တော်လဆန်းအခါသမယသည် ဓနုရာသီ၊ မိဂသီနက္ခတ်ထွန်း၍ ရာသီပန်းမှာ နာမည်ကျော် တော်ဝင်သဇင်ပန်းပွင့်ပေါ်သောလရာသီဟု သိအပ်ပါသည်။

မဟာဂီတလောကမှ လူကြိုက်များသော မြဝတီမင်းကြီးလက်ရာ "သည်ဆောင်းဟေမန်"ဘွဲ့တွင် ရိုးတံဆင့်ဖူးငုံ၊ ဝတ်မှုန်၊ ဝတ်မှုန်၊ ဝတ်မှုန်တင့်ဆုံး၊ သဇင်၊ ပန်းမြဂမုန်း ငယ်နှင့်လေး" ဟူသောအပိုဒ်၌ "ဝတ်မှုန်"ကို သုံးကြိမ်ပြထားရာ တစ်ကြိမ်နှင့်တစ်ကြိမ် အသံမတူ၊ ကူးပြောင်းသီဆိုရသည်မှာ အလွန်လှပသော အဆိုအတီးကွက်ဆန်းဟု ဆိုချင်မိသည်။

ဦးတိုး၏ ရာမရကန်မှ သဇင်ပန်းအချီးတွင်လည်း "မြေနှင့်ရန်ဘက်၊ ခက်လက်စိမ်းမြ၊ မိုးမခဘူး"ဟူသောအဖွဲ့မှာ သဘာဝစိမ့်ကြီးမြိုင်ကြီး သစ်ပင်ကြီးများပေါ်တွင်သာ တွယ်မှီပေါက်ရောက်သဖြင့် မြေကြီးနှင့်မနီးစပ်၊ ရန်ဘက်ကဲ့သို့ အထက်တန်းကျပုံကို ဖွဲ့ပြပါသည်။ (မြို့ဝန်မင်းစာ၊ လိပ်မပါဘဲ၊ ကွယ်ရာဈေးပြင်၊ ရောင်းလို့များမြင်မလား၊ သေချင်သေ ရှင်ချင်ရှင်၊ အင်မတန့် အင်မတန်၊ ရာဇဝတ်တော်ခံရသည်)ဟုဆိုထားရာ အမိန့်မရဘဲပန်လျှင် ရာဇဝတ်ပြစ်ဒဏ်ပင် သင့်နိုင်ကြောင်း ကျောက်ကန်၍ရေးဖွဲ့သော "ရကန်" အရေးအသားတွင် တွေ့ရပါသည်။

ထိုစာဆိုကြီးများလက်ရာကို နှစ်သက်သဘောကျသကဲ့သို့ "အဲ"အရေးကောင်းသော ဦးယာက လူးတားများရေးသားရာတွင်လည်း ဤသို့၊ ဤသို့ ပြောင်မြောက်သည်ကို တွေ့ရပါသည်။

**ဦးယာ၏ နတ်တော်လဘွဲ့လူးတားမှ**
**ကောက်နုတ်ချက်(သဇင်ပန်းအချီး)**

(စုံမြိုင်တွင်းမှာ၊ ကြိုင်သင်းတောလုံး၊ ရနံ့ဖုံးသား၊ ပတ်ကုံးဝန်းကျင်၊ မြေတွင်မရောက်၊ ပင်ပေါ်ပေါက်သည်၊ နှင်းပေါက်ရွှင်ရွှင်၊ ဖူးတံဆင်လျက်၊ သဇင်ရွှေပွင့်၊ လျှပ်ရောင်ဆင့်သို့၊ လှတင့်စိန်သွေး၊ နတ်ပန်းမွှေးကို၊ မနှေးလျင်မြန်၊ မိန့်တော်ပြန်၍ မျက်မှန်ကျောက်စုံ၊ ရွှေနန်းဘုံက၊ ဖူးငုံပေါ်စ၊ တင်ဆက်သ၍ နောက်မှပြည်သူ၊ ဆွတ်ယူပန်ဆင် ရှုချင်မဝ။)

ဦးယာ၏ ဤလူးတားပါ သဇင်ပန်းပန်ဆင်ခွင့် စည်းကမ်းများမှာ စကားပြေဖြင့်ရေးသကဲ့သို့ ရှင်းရှင်းလင်းလင်းသိခွင့်ရကြပါသည်။

သဇင်ပန်း၏ဂုဏ်ဒြပ်ကိုမီအောင် ရေးစပ်နိုင်ကြသော စာဆိုကြီးများကို လေးစားမိသည့်အလျောက်၊ တစ်ယောက်တစ်မျိုး ကြိုးစားရေးဖွဲ့ကြသည့် လက်ရာများမှာ လေ့လာ၍မကုန်နိုင်ပါ။

ယခုခေတ်အခါ နတ်တော်၊ ပြာသိုလများသည် နိုဝင်ဘာ၊ ဒီဇင်ဘာလများဖြစ်၍ ယင်းလများတွင် ကျင်းပသော ပွဲလမ်းသဘင်ကြီးများတွင် သဇင်ခြံပိုင်ရှင်တို့ ငွေအလုံးအခဲ ဝင်လာမစဲ ရှိသည့်ကာလပင် ဖြစ်ပါသည်။ စီးပွားဖြစ်စိုက်ကြ၍ ဝင်ငွေကောင်းကြသည်။

ဘွဲ့ယူမည့် သမီးအလှလေးအတွက် ဘီးဆံထုံးလှလှ၊ ဆံမြိတ်ချ၍၊ တော်ဝင်သဇင်တို့ အသွယ်အသွယ်ပန်ဆင်ပြီး ဘွဲ့ဝတ်စုံနှင့် အလှကျက်သရေတိုးနေပုံကြောင့် တန်ဖိုးကြီးမြင့်သော်လည်း မရမနေဝယ်ယူပန်ဆင်ပြီး တစ်သက်တစ်ခါ ဘွဲ့နှင်းသဘင်သို့ တက်ရောက်ကြသည်။

လူအများ အလွန်စိတ်ဝင်စားကြသော မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ပေးပွဲများတွင်လည်း ဆုရ၊ မရမသိရသော်လည်း သဇင်ပန်းပန်၍ပွဲတက်လာကြသော ရုပ်ရှင်မင်းသမီးချောများ၊ သရုပ်ဆောင်များ၏ ဆံကေသာတွင် သိန်းဂဏန်းတန်ဖိုးရှိ တော်ဝင်သဇင်ပန်းများ ဝေဆာ၊ လှပ ကျက်သရေရှိလှသည့်မြင်ကွင်းကြောင့် ကိန်းကြီးခန်းကြီးနိုင်လှသော သဇင်ပန်းတို့မှာ **"သိင်္ဂီလျှံလန်း၊ စိန်စီမှန်နန်း၊ ပေါင်ယံမှာပန်ဆင်ရာ ရွှေကေသာမြန်းပါလို့ သည်ပန်းမှ မြတ်ပန်တော်"**ဟူသော မြဝတီမင်းကြီးဦစ၏လက်ရာ "သည်ဆောင်းဟေမန်ဘွဲ့"မှ နောက်ဆုံးပိုဒ်လေးကို အခါခါဆိုညည်းပီတိဖြစ်ရပါတော့သည်။ "သည်ပန်းမှ မြတ်ပန်တော်"ဟု ဖွဲ့ခဲ့သည်နှင့်အညီ မည်သည့်ပန်းမျှ တုယှဉ်မရအောင် အလှကျက်သရေဆောင်သော သဇင်ပန်းကို ယခုခေတ် သဇင်ခြံများတွင် များများစားစားတွေ့နိုင်သော်လည်း ဈေးတော့ဖြင့်မသေးပါ။ ဈေးမြင့်ဆဲ ဤသဇင်ကို သိပ္ပံနှင့်နည်းပညာမည်မျှပင် ထွန်းကားစေကာမူ ကိန်းခန်းစည်းစနစ်ကြီးသော သဇင်ကိုမူ ဗုံးပေါလအော ထုတ်လုပ်နိုင်ခြင်းမရှိ၊ မျိုးဥဈေးနှုန်း၊ သဇင်တိုင်ပြုလုပ်ရင်းနှီးရမှု၊ သဇင်ခြံအလုပ်သမားစရိတ်၊ ရေပေးစနစ်၊ သန့်ပြန့်မှုကြိုက်သော သဇင်စိုက်ပျိုးပြီး တစ်နှစ်ပတ်လုံး ပြုစုရခြင်းများကြောင့် ပန်းများပွင့်ပေါ်ပါက ဈေးကိုအထူးမြှင့်ထားလျက် ရောင်းချိန် နှစ်လ သုံးလအထိ ချင့်ချိန် စိုက်ပျိုးကြသည်။

"သည်ဆောင်းဟေမန်" သီချင်းတွင် "ရှမ်းပြည်တောင်ငူကြည်ဖြူဆက်မြဲမှန်လှလေ"ဟု ဆိုထားပါသည်။ ရှမ်းပြည်နယ်နှင့် တောင်ငူဒေသတို့မှ အထူးကောင်းမွန်လှပသော သဇင်ပန်းခက်၊ ပန်းခိုင်များကို စိမ့်ကြီးမြိုင်ကြီးများပေါ်များသည့် ရှမ်းပြည်နယ်နှင့် ပဲခူးရိုးမတောကြီးများကို အမှီသဟဲပြုသော တောင်ငူဒေသတို့မှ ရရှိပေလိမ့်မည်။ စာရေးသူပန်ဆင်ခဲ့ဖူးသော "ရှမ်းသဇင်"မှာ ယခုခေတ်တွင်ဖြစ်၍ ရန်ကုန်သဇင်၊ ရခိုင်သဇင်တို့နှင့် ကွဲပြားမှုရှိပါသည်။

ရှမ်းသဇင်မှာ ပန်းခက်မရှည်လှပါ၊ ရိုးတံမာ၍ အဝါရောင်းသမ်းပြီး အပွင့်သေး၍ မွှေးနံ့ပိုပါသည်။ သဇင်ဥလေးများနှင့် ဆယ်ခက်ကို တစ်ထုပ်ဖြင့် ငှက်ပျောဖက်လေးနှင့်ထုပ်ထားပြီး ယင်းဆယ်ထုပ်ကို ဝါးခြင်းလေးတွင်စီရီထား၍ တစ်ခြင်းချင်းရောင်းပါသည်။

ရခိုင်သဇင်လည်း အလွန်လှပါသည်။ ဖွံ့ဖွံ့ထွားထွား၊ အားရဖွယ် အခိုင်ကြီးများ ဖြစ်ပါသည်။ ရန်ကုန်သို့လေယာဉ်စီး၍ ရောက်လာကြသော ရခိုင်သဇင်မှာလည်း သဇင်ခက်ကို ဥမှဖြုတ်ခွာ၍ ရောင်းသဖြင့် ရက်ကြာကြာခံအောင် အတော်ဂရုစိုက်ရပါသည်။

ရန်ကုန်သဇင်မှာလည်း အချို့က ဥလေးနှင့်ရောင်း၍ အချို့က ပန်းခက်ချည်း ရောင်းပါသည်။ တန်ဖိုးကြီးသောပန်းဖြစ်၍ မျိုးပွားစေလိုခြင်းရှိဟန်မတူပါ။ ဥလေးနှင့် အထားခံသော်လည်း ပန်ဆင်ရာတွင်မူ ဥလေးမှဖြုတ်ယူ ပန်ဆင်ကြပါသည်။

မည်သို့ဆိုစေ နတ်တော်လသည် စာဆိုတော်ကြီးတို့အား ဂုဏ်ပြုသောအားဖြင့် စာပေပွဲများကျင်းပသည့် စာဆိုတော်နေ့၊ စာပေဆုနှင်းသဘင်ကျင်းပရာလဖြစ်နေရာ ဆောင်းအဝင်လ အေးအေးမြမြ အခါသမယတွင် "ဆက်ပဏ္ဏာချီ မီလုတာမို့၊ သိင်္ဂီဥပန်းမြသဇင် စိန်စီနု ကလပ်တင်သည်၊ နတ်ဘုရင်ဆင်ယင်တုန်းခါမို့၊ အင်ဂမုန်းဂန္ဓာရုံ၊ သင်းပျံ့ဝတ်မှုန်"ဟူသော ဦးကြော့၏ တေးထပ်လေးဆိုညည်းရင်း ယခုနှစ်နေပြည်တော်တွင် ခမ်းနားသိုက်မြိုက်စွာကျင်းပမည့် စာဆိုတော်နေ့ စာပေဆုနှင်းသဘင်ကို ကြိုဆိုဂုဏ်ပြု ရေးဖွဲ့လိုက်ရပါသည်။

စာပေသဇင် ပွင့်သစ်တို့ နှစ်စဉ်နှစ်တိုင်းပွင့်လန်းနိုင်ကြပါစေ။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး “ဝန်ထမ်းသက်သာအရောင်းဆိုင်” ဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၁၈**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး “ဝန်ထမ်းသက်သာအရောင်းဆိုင်” ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကော်မရှင်ရုံးမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။



ဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦးက ဝန်ထမ်းများ လုပ်ငန်းခွင်သာယာပျော်ရွှင်ပြီး ပေးအပ်သည့် တာဝန်များကို တက်ကြွစွာ ဆောင်ရွက်နိုင်စေရန် အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်ရည်ရွယ်၍ ဝန်ထမ်းသက်သာအရောင်းဆိုင်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းသက်သာအရောင်းဆိုင်ကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ရုံးဝန်ထမ်းများအားလုံး အခြေခံ စားသောက်ကုန်များကို စိတ်ချမ်းမြေ့ လွယ်ကူအဆင်ပြေစွာ ပြင်ပဈေးနှုန်းထက်သက်သာသောနှုန်းထားဖြင့် ဝယ်ယူနိုင်စေရန် ရည်ရွယ်ကြောင်း၊ အခြေခံ စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို အမျိုးအစားစုံလင်စွာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာနမှ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်များနှင့် ရက်ကန်းထည်များကို အပ်ကုန်စနစ်ဖြင့် မှာယူ၍ ဝန်ထမ်းများ ဈေးနှုန်းချိုသာစွာ ဝယ်ယူသုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း၊ အချိန်အတွယ် မှန်ကန်စွာ ရောင်းချပေးနိုင်ရေးနှင့် ရောင်းချပစ္စည်းများ ပြတ်လပ်မှုမရှိစေရေးတို့ကိုလည်း အထူးဂရုစိုက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက “ဝန်ထမ်းသက်သာအရောင်းဆိုင်” ကို ဝန်ထမ်းများအတွက် တစ်ဖက်တစ်လမ်းမှ သက်သာစေရန် ရည်ရွယ်၍ စီမံဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝင်ငွေ၊ ထွက်ငွေ မျှတစွာ သုံးစွဲကြရန် လိုအပ်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# ၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

# ပုလဲအတွဲပေါင်း ၂၂၄ တွဲ ရောင်းချရ

**နေပြည်တော် နိုဝင်ဘာ ၁၈**

၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြပြီး ပြပွဲတွင်ရောင်းချမည့် ပုလဲအတွဲများကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေး၍ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ပုလဲအတွဲအမှတ်(၁)မှ အတွဲအမှတ်(၂၄၆) အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၂၂၄ တွဲရောင်းချရကြောင်း ကြေညာသည်။



မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ပုလဲအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေး၍ ရောင်းချနေမှု၊ မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ပြပွဲတတိယနေ့တွင် ပုလဲအတွဲအမှတ်(၂၄၇)မှ အတွဲအမှတ်(၄၈၉)အထိကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ယခု ပြပွဲကို နိုဝင်ဘာ ၁၇ ရက်မှ ၂၆ ရက်အထိ ကျင်းပလျက်ရှိရာ ကျောက်စိမ်းအတွဲစုစုပေါင်း ၅၀၈၅ တွဲ၊ ကျောက်မျက်ရိုင်းအတွဲ ၁၃ တွဲနှင့် ကျောက်မျက် လက်ဝတ်ရတနာအတွဲ ၁၄၇ တွဲ စုစုပေါင်းအတွဲ ၁၆၀ နှင့် ပုလဲအတွဲ ၄၈၉ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ပြပွဲတွင် အသုံးပြုမည့် နိုင်ငံခြားငွေအမျိုးအစားများမှာ အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားတို့ဖြစ်သည်။

ပုလဲအတွဲများကို နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိလည်းကောင်း၊ ကျောက်မျက်အတွဲများအားလုံးကို နိုဝင်ဘာ ၂၀ ရက်တွင်လည်းကောင်း၊ အုပ်စု(အေ၊ ဘီ၊ စီ)အဖြစ် သုံးအုပ်စုခွဲခြားထားသည့် ကျောက်စိမ်းအတွဲပေါင်း ၅၀၈၅ တွဲကို နိုဝင်ဘာ ၂၁ ရက်မှ ၂၆ ရက်အထိလည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အုတ်ဖိုမြို့နယ်၌ မကူးစက်တတ်သော ရောဂါများ ကာကွယ်တားဆီးနိုင်ရေး အသိပညာပေးဆွေးနွေး

**အုတ်ဖို နိုဝင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက ထူးကုန်းကျေးလက်ကျန်းမာရေးဌာနတွင် မကူးစက်တတ်သောရောဂါများ ကာကွယ်တားဆီးနိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို ကျင်းပသည်။

**ဆွေးနွေး**

ဆွေးနွေးပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် အဖွဲ့က တက်ရောက်လာသူများအား



မကူးစက်တတ်သော ရောဂါများနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပြီး ကျန်းမာရေးစစ်ဆေးကုသခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်သူ(အုတ်ဖို)**

# သရက်ချောင်းမြို့နယ်၌ ဆောင်းသီးနှံ စိုက်ပျိုးမည့် အကျိုးဆောင်တောင်သူများအား မျိုးစေ့ပေးအပ်

**သရက်ချောင်း နိုဝင်ဘာ ၁၈**

တနင်္သာရီတိုင်း ဒေသကြီး သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌ ယနေ့နံနက်ပိုင်းက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဆောင်းသီးနှံစိုက်ပျိုးမည့် အကျိုးဆောင်တောင်သူများအား မျိုးစေ့ပေးအပ်ခြင်းအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် သရက်ချောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းက မျိုးစေ့ပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် သရက်ချောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းနှင့် တာဝန်ရှိသူများက တောင်သူများအား မတ်ပဲ၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နေကြာမျိုးစေ့များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**

ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ပြည်ထောင်စုဝန်ကြီးဦးမြင့်ကြိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ကျန်းနှင့် ပေကျင်းမြို့များသို့ အလုပ်သဘောလေ့လာရေးခရီးသွားရောက်

## မြန်မာ-တရုတ် နှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ဒေသ တရားဝင် ဝင်ထွက်မှု အဆင်ပြေစေရေး လုပ်ငန်းဆိုင်ရာများ ညှိနှိုင်းဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၁၈**

မြန်မာ-တရုတ်နှစ်နိုင်ငံအကြား လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ ပိုမိုတိုးမြှင့် ဆောင်ရွက်ရေးနှင့် တရားမဝင် ဝင်/ထွက်သွားလာမှု လျော့နည်းပပျောက်ရေး၊ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ ပူးပေါင်းတိုက်ဖျက်ရေး စသည့်ရည်ရွယ်ချက်များဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် အဖွဲ့ဝင်များနှင့်အတူ နိုဝင်ဘာ ၁၄ ရက်မှ ၁၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောလေ့လာရေးခရီးစဉ်အဖြစ် သွားရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နိုဝင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ကျန်းမြို့၌လည်းကောင်း၊ နိုဝင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ပေကျင်းမြို့၌လည်းကောင်း အလုပ်သဘောလေ့လာရေးခရီးစဉ် သွားရောက်ပြီး နိုဝင်ဘာ ၁၇ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. WANG Zhizhong နှင့် အဖွဲ့အား ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန အမျိုးသားလူဝင်မှုကြီးကြပ်ရေး ဌာနချုပ် အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်များ၌ လူဝင်မှုစစ်ဆေးရေး စနစ်များ အဆင့်မြှင့်တင်နိုင်ရေးနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများ ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံနယ်စပ်များမှ တရားဝင် ဝင်/ထွက် သွားလာမှုရှိစေရေးနှင့် တရားမဝင် ဝင်/ထွက်မှု မရှိစေရေးတို့အတွက် အပြန်အလှန်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာ သတင်း အချက်အလက်များ အပြန်အလှန်ဖလှယ်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ အွန်လိုင်းလောင်းကစားမှု လုပ်ငန်းများ ပူးပေါင်းတိုက်ဖျက်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် အပြန်အလှန် ဝင်ထွက်သွားလာမှုများ အဆင်ပြေချောမွေ့စေရေးအတွက် တွေ့ဆုံညှိနှိုင်းမှုများ ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးအတွက် လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းများ အပြန်အလှန် ယုံကြည်နားလည်မှုဖြင့် လက်တွေ့ကျသော ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့နောက် တရုတ်နိုင်ငံ၌ အကြောင်း အမျိုးမျိုးကြောင့် ဖမ်းဆီးခံရသည့် မြန်မာနိုင်ငံသားများအား ဥပဒေနှင့်အညီ ပြန်လည်စိစစ်ပြီး နေရပ်သို့ပြန်လည်ပို့ဆောင်နိုင်ရေးနှင့်ပတ်သက်၍ မြန်မာ-တရုတ်နှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (MoU) လက်မှတ် ရေးထိုးခြင်းကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဘက်မှ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် တရုတ်နိုင်ငံဘက်မှ ဒုတိယဝန်ကြီး Mr. WANG Zhizhong တို့ ရှေ့မှောက်၌ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် အမျိုးသားလူဝင်မှုကြီးကြပ်ရေးဌာနချုပ်(NIA)မှ ဒုတိယဌာနချုပ်မှူး Mr. LIU Haitao တို့သည် နားလည်မှုစာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဒုတိယဝန်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးက ပေကျင်းဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပေကျင်းမြို့တော်မှ ကွမ်ကျိုးမြို့သို့ ရောက်ရှိကြပြီး ထိုမှတစ်ဆင့် လေကြောင်းခရီးဖြင့် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲ တက်ရောက်



**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၊ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး ဘက်စုံအထောက်အကူပြုအဖွဲ့(MORS)နှင့် မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်း (MAMDA)တို့၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အမျိုးသားကဇာတ်ရုံ (ရန်ကုန်)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ စည်ပင်သာယာရေးဝန်ကြီး ဦးဗိုလ်ဌေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုးနှင့် တာဝန်ရှိသူများက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဥက္ကဋ္ဌ ဝန်ကြီးချုပ်ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး အလှူငွေများပေးအပ်ရာ MORS ဥက္ကဋ္ဌ ဦးလျန်ကျင့်မန်က လက်ခံရယူသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက "ယာဉ်အန္တရာယ်ကင်းရှင်းရေး ချိန်ခါမရွေးဆောင်ရွက်ပေး"ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကာတွန်း၊ ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၊ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် လမ်းမတော်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများက ယာဉ်စည်းကမ်းပညာပေးသီးချင်းဖြင့် ဖျော်ဖြေကြပြီး "ပျောက်ဆုံးသွားသောအိမ်မက်" လမ်းအန္တရာယ်ကင်းရှင်းရေး ပညာပေးဇာတ်ကားကို ပြသသည်။

ယင်းနောက် MORS ဥက္ကဋ္ဌ၊ MYACSAA ဥက္ကဋ္ဌနှင့် MIA ဥက္ကဋ္ဌတို့က MoU လက်မှတ်ရေးထိုးခဲ့ကြပြီး ဖျော်ဖြေရေးအဖွဲ့များအား တာဝန်ရှိသူများက ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားတွင်ပြထားသည့်ယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ရှင်းကင်းရေး ဌာနဆိုင်ရာပြခန်းများနှင့် "MYANMAR CARS AND SPAREPARTS EXPO 2025" ပြပွဲတို့ကို ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြပြီး အဆိုပါ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကို နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)တို့ ပူးပေါင်းဖွင့်လှစ်သည့် ဆန်စပါးကြိတ်ခွဲထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေး သင်တန်းကျောင်း(SITE)၊ Multipurpose Hall တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကား ပြောကြားသည်။

ယင်းနောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းတင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ပြသထားသည့် သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဆန်စပါးကြိတ်ခွဲထုတ်လုပ်မှုနည်းပညာ သင်တန်း Level 1 နှင့် Level 2 သင်တန်း သင်ကြားပို့ချနေမှုများ၊ လက်တွေ့သင်တန်းခန်းနှင့် နည်းပညာ သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကာ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ ဆန်စပါးကြိတ်ခွဲထုတ်လုပ်မှုနည်းပညာ သင်တန်းကို Level 1 သင်တန်းကာလ သုံးလနှင့် Level 2 သင်တန်းကာလ လေးလ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၆၃ ဦးတို့ဖြင့် တာဝန်ရှိသူများက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

# သထုံမြို့နယ်၌ အခွန်ဆိုင်ရာပညာပေးဆွေးနွေးပွဲ ပြုလုပ်

**သထုံ နိုဝင်ဘာ ၁၈**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့်အညီ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အသိပညာပေးရှင်းလင်းရာတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအောင်နိုင်က သထုံမြို့နယ်အတွင်းရှိ စားသောက်ဆိုင်လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များနှင့် ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်တို့ကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**လူမှုဘဝ ပြည့်စုံဖို့ နိုင်ငံသားကာတ် ကိုင်ကြစို့**

# အလိုဟဲ့ အိုဘယ့် ဘီဘီစီ

ဘီဘီစီ (BBC) ဆိုတာကို တချို့က "ဗြိတိသျှပျင်းစရာကော်ပိုရေးရှင်း" (British Boring Corporation) လို့ ခေါ်ကြတယ်။ တချို့ကျတော့လည်း "ဗြိတိသျှ အလိမ်အညာကော်ပိုရေးရှင်း" (British Bullshit Corporation) လို့ ဆိုကြတာပေါ့။ ကြိုက်တာရွေးခေါ်လိုက်၊ ဘယ်လိုပဲခေါ်ခေါ် အဲဒီပေါက်ပန်းလေးဆယ် အလိမ်အညာ သတင်းဖြန့်တဲ့ ကော်ပိုရေးရှင်းကတော့ အတူတူပဲ။

သူတို့ဟာ ဆယ်စုနှစ်ပေါင်းများစွာကတည်းက လိမ်ညာတဲ့ သတင်းတွေကို ဖြန့်ချိလာခဲ့တာ။ ဖွံ့ဖြိုးဆဲနိုင်ငံတွေက လူသန်းပေါင်းများစွာဟာ ဒီပေါက်ပန်းလေးဆယ်သတင်းသမားတွေရဲ့ သတင်းဆိုတာတွေကို အဟုတ်ထင်ပြီး ယုံယုံကြည်ကြည် နားထောင်ခဲ့ကြတာ။ မြန်မာနိုင်ငံကလည်း ဒီကော်ပိုရေးရှင်းရဲ့ မရပ်မနား လိမ်ညာဖန်တီးတဲ့ သတင်းတု၊ သတင်းယောင်တွေရဲ့ ရှေ့တန်းမှာ ပါဝင်ခဲ့ရတာပဲ။

သူတို့က အလွန်ကိုကြီးမားပြီး အစွမ်းထက်၊ ပရိယာယ်များတဲ့ PR (လူထုဆက်ဆံရေး) ယန္တရားကြီးကို ပိုင်ဆိုင်ထားတော့ သူတို့ရဲ့အပြစ်၊ ဒုစရိုက်တွေကို အချိန်အတော်ကြာ ဖုံးကွယ်ထားနိုင်ခဲ့တယ်။ ဒီကော်ပိုရေးရှင်းကို ဘယ်သူမှ ပြန်မတိုက်နိုင်ခဲ့ဘူး။ သူတို့မှာ ကလေးသူငယ်လိင်အလွဲသုံးစားမှု (pedo – pedophilia) အရှုပ်တော်ပုံတွေတောင် အများကြီးရှိခဲ့တယ်။ ဒါတွေက တကယ်ဖြစ်ခဲ့တာနော်။ မြန်မာနိုင်ငံကလူတွေ ဒါတွေအားလုံးကို သိထားသင့်တယ်။ အွန်လိုင်းမှာ ဒီ pedo နဲ့ပတ်သက်တဲ့ အရှုပ်တော်ပုံတွေကို ရှာကြည့်ကြပါ။ တခြားအရှုပ်တော်ပုံတွေလည်း ရှိသေးတယ်၊ ဒါပေမဲ့ သူတို့ဟာ သူတို့ရဲ့ ရာဇဝတ်မှုတွေကို ဖုံးကွယ်ပြီး ဘာမှမဖြစ်သလို မှင်သေသေနဲ့ အလုပ်ဆက်လုပ်သွားခဲ့ကြတာ။

> **သူတို့ဟာ ဆယ်စုနှစ်ပေါင်းများစွာကတည်းက လိမ်ညာတဲ့သတင်းတွေကို ဖြန့်ချိလာခဲ့တာ။ ဖွံ့ဖြိုးဆဲနိုင်ငံတွေက လူသန်းပေါင်းများစွာဟာ ဒီပေါက်ပန်းလေးဆယ်သတင်းသမားတွေရဲ့ သတင်းဆိုတာတွေကို အဟုတ်ထင်ပြီး ယုံယုံကြည်ကြည် နားထောင်ခဲ့ကြတာ။ မြန်မာနိုင်ငံကလည်း ဒီကော်ပိုရေးရှင်းရဲ့ မရပ်မနား လိမ်ညာဖန်တီးတဲ့ သတင်းတု၊ သတင်းယောင်တွေရဲ့ ရှေ့တန်းမှာ ပါဝင်ခဲ့ရတာပဲ**

ဒီအလိမ်အညာ BBC ရဲ့ မျက်နှာဖုံးကို ဆွဲလှန်ဖို့အတွက်တော့ သမ္မတ ဒေါ်နယ်ထရမ့်လို အစွမ်းအထက်ဆုံးနဲ့ သတ္တိအရှိဆုံးခေါင်းဆောင်တစ်ယောက်လိုအပ်ခဲ့တာပဲ။ သူတို့ဟာ အလိမ်အညာသတင်းတွေကို မရပ်မနား၊ အတားအဆီးမရှိ ဖြန့်ချိလာခဲ့တာ အတော်ကြာပြီဆိုတော့ သူတို့ရဲ့ ကောင်းကင်ဘုံအထိရောက်အောင် မြင့်မားနေတဲ့မာနတွေကြောင့် ဘာမှမမြင်နိုင်တော့ဘဲ ကန်းသွားကြတော့တာပဲ ။ ဘာလို့လဲဆိုတော့… ပြီးခဲ့တဲ့နှစ် အမေရိကန်ရွေးကောက်ပွဲမတိုင်ခင် တစ်ပတ်အလိုမှာ သမ္မတထရမ့်ရဲ့ မိန့်ခွန်းတစ်ခုကို ဖြတ်တောက်၊ ပြင်ဆင်ပြီးတော့ အဲဒီအလိမ်အညာ မှတ်တမ်းရုပ်သံကို ထုတ်ပြန်ခဲ့လို့ပဲ။

သူတို့ဟာ(ဒေါ်နယ်ထရမ့်) ပထမ သက်တမ်းတုန်းက ခေါင်းငုံ့နေခဲ့ရတယ်။ သူတို့ အသည်းအထန်မုန်းတီးရွံရှာတဲ့ အဲဒီလူက ဒုတိယသက်တမ်းကို ရတော့မယ်ဆိုတဲ့အချက်ကို သူတို့နားလည်နိုင်စွမ်းမရှိဘူး ဖြစ်နေတာ။


www.gnlm.com.mm 17 NOVEMBER 2025 THE GLOBAL NEW LIGHT OF MYANMAR 9

ARTICLE

The BBC

By Tun Myint Kyaw (LA)

SOME call it the British Boring Corporation. Some call it the British Bullshit Corporation. Take a pick! No matter how it is called, it's the same slimy fake news corporation.

They have been spreading fake news for decades. Millions of people in the underdeveloped nations faithfully listen and believe reports by these slimy journalists as "prophetic"! Myanmar has been on the front lines of the nonstop fake and fabricated news from The Corporation.

It is so big with a highly powerful, twisted PR machine at its disposal that they have managed to escape their sins for a long time. No one has been able to counter The Corporation. They have had multiple pedo-scandals. This is real! People in Myanmar should know all of this. Check online for these pedo-related scandals. There are other scandals too, but through and through, they managed to bury their crimes and move on business as usual.

It has taken the most powerful and courageous leader in President Donald Trump to lift the veil off the fake news BBC.

They have had an uninterrupted run of spreading fake news for so long, they must have been blinded by their high-to-the-heavens arrogance when they doctored a speech of President Trump and released the fake documentary a week before the US elections last year. They had to keep their heads down in the first term. They can't fathom the fact that the person, whom they absolutely disdain to the core, is about to capture the second term. By releasing the doctored video one week before the elections, they were tossing a "Hail Mary" to influence the US elections, hoping their efforts would tip the scales. It was a thug from America's closest ally who authored the Russia dossier, causing great damage in President Trump's first term. Again, it was The Corporation from America's closest ally that tried to sabotage the victory for the second term.

So, it wasn't Russia after all. That Russia, Russia, Russia was a hoax all along.

Higher powers are looking down on the well-being of the world after all. The Corporation's attempt to influence the US election failed miserably. President Trump won in a landslide, and now their egregious actions have come to haunt The Corporation. These latest developments will make the world a better place.

Let's give an explanation so that the readers are clear of what happened. President Trump's speech on 6 January 2021 was 24 pages long. The Corporation took the first sentences in the first page and what was said in the last sentence in the last page, and put the two bits together so that it looked like President Trump was calling for violence. By any Western journalistic standards, it was a grossly unethical and cardinal sin of journalism. They doctored that speech from 2021 and released it one week before the 2024 US elections. It was blatantly misleading the audience into thinking that President Trump said something that he did not say.

These kinds of fraud still hid and hang on as long as they could. But under pressure from the White House, the CEO and director-general have resigned. Their chairman has publicly apologized. Finally, on their knees! President Trump's press secretary has called the BBC "100 per cent fake news". Way to go! Bravo!

Even caught with their pants down, the outgoing director-general, who has fallen on his sword, said there is nothing wrong at all and is very proud of journalism in that Corporation. He even said it was the fault of "the enemies"; all of this is coming out. "Some mistakes have caused us".

Some mistakes??? The outgoing CEO said the outlet is "not institutionally biased", in response to President Trump's claim of "corrupt journalists", and went on to say we are "the world's most trusted news provider". What in the world! Have they no shame! No, they don't. They have not an iota of dignity! These are the slimiest of the slimes.

Now let's turn to Myanmar. The BBC has been spreading fake news and interfering in the affairs of Myanmar for a long time. These types couldn't accept the reality that the sun set on the Empire a long time ago. They must continue to interfere and cause instability in a country like Myanmar, which, in their fantasy, is still a colony. There is even a BBC Myanmar Service for what reason: 1) they can't let it go and 2) strictly for continued interference, and maybe 3) information gathering.

They will interfere in Myanmar's upcoming elections. They will come in legally and illegally. The sovereignty of a small nation like Myanmar doesn't matter to them. After all, it's still a colony, right? They did so by illegally entering the country in the immediate aftermath of the devastating earthquake a few months ago. Don't let in any of these fake news thugs. The low-IQ fake news "journalist" even openly proclaimed in the news that the entry was illegal. The next time they come in and get caught, prosecute them to the maximum extent of the law. Make the legal proceedings public. Let the whole world know. Shame them! In this day of age, they can no longer claim that the legal system in the underdeveloped countries is are "kangaroo court". How can The Corporation still claim that news outlets from other countries are beneath their journalistic standards? Let's get real!

> Even caught with their pants down, the outgoing director-general, who has fallen on his sword, said there is nothing wrong at all and is very proud of journalism in that Corporation. He even said it was the fault of "the enemies"; all of this is coming out. "Some mistakes have caused us".

ဒါကြောင့် ရွေးကောက်ပွဲမတိုင်ခင် တစ်ပတ်အလိုမှာ မဟုတ်မမှန် ပြင်ဆင်ထားတဲ့ ဗီဒီယိုအတုကို ထုတ်လိုက်တာဟာ အမေရိကန်ရွေးကောက်ပွဲကို ဩဇာလွှမ်းမိုးဖို့၊ ရွေးကောက်ပွဲရဲ့အခြေအနေကို ပြောင်းပြန်လှန်နိုင်မလားလို့ မျှော်လင့်ပြီး အနိုင်ရဖို့ နောက်ဆုံး အားကုန်ကြိုးစားပစ်လိုက်တာပဲ။

သမ္မတထရမ့်ရဲ့ ပထမသက်တမ်းမှာ ကြီးမားတဲ့ ထိခိုက်မှုတွေ ဖြစ်စေခဲ့တဲ့ ရုရှားအရှုပ်တော်ပုံစာရွက်စာတမ်း (Russia dossier) ကို ရေးသားခဲ့တာကလည်း အမေရိကန်ရဲ့ အနီးဆုံးမဟာမိတ်နိုင်ငံက လူဆိုးတစ်ယောက် (thug) ပဲ။

အခုလည်း ဒုတိယသက်တမ်းအောင်ပွဲကို ဖျက်ဆီးဖို့ကြိုးစားခဲ့တာ အမေရိကန်ရဲ့အရင်းနှီးဆုံး မဟာမိတ်ဆီက ကော်ပိုရေးရှင်း ဖြစ်ပြန်တယ်။

ဒီတော့ ရုရှားမဟုတ်ခဲ့ဘူးဆိုတာ ပေါ်နေပြီ။ အဲဒါက စကတည်းက သူတို့ရဲ့ လိမ်ဆင်ကြီး (hoax) သက်သက်ပဲ။

တကယ်တော့ ကမ္ဘာကြီးရဲ့ ကောင်းကျိုးချမ်းသာကို မြင့်မြတ်တဲ့တန်ခိုးရှင်တွေက အပေါ်ကနေ စောင့်ကြည့်နေတာဖြစ်ရမယ်။

အမေရိကန်ရွေးကောက်ပွဲကို ဩဇာလွှမ်းမိုးဖို့ ဒီကော်ပိုရေးရှင်းရဲ့ ကြိုးပမ်းမှုဟာ လုံးဝရှုံးနိမ့်ခဲ့တယ်။ သမ္မတထရမ့်က အပြတ်အသတ် (landslide) အနိုင်ရခဲ့ပြီး အခုတော့ သူတို့ရဲ့ဆိုးရွားလှန်းတဲ့ လုပ်ရပ်တွေက သူတို့ဆီကို ပြန်ခြောက်လှန့်ဖို့ ရောက်လာပြီ။ ဒီနောက်ဆုံး ဖြစ်ပေါ်တိုးတက်မှုတွေက ကမ္ဘာကြီးကို ပိုကောင်းတဲ့နေရာ ဖြစ်လာစေမှာပါ။ ဘာဖြစ်ခဲ့သလဲဆိုတာ စာဖတ်သူတွေ ရှင်းရှင်းလင်းလင်းသိရအောင် ပြောပြရရင်…

၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့မှာ သမ္မတထရမ့် ပြောခဲ့တဲ့မိန့်ခွန်းဟာ စာမျက်နှာ ၂၄ မျက်နှာရှိတယ်။ ဒီကော်ပိုရေးရှင်းက ဘာလုပ်လဲဆိုတော့ ပထမစာမျက်နှာရဲ့ ပထမဆုံးစာကြောင်းတွေကို ယူတယ်။ ပြီးတော့ နောက်ဆုံးစာမျက်နှာရဲ့ နောက်ဆုံးစာကြောင်းက ပြောခဲ့တာတွေကို ယူလိုက်တယ်။ အဲဒီအပိုင်းနှစ်ခုကို ပေါင်းစပ်လိုက်တာဟာ သမ္မတထရမ့်က အကြမ်းဖက်ဖို့ လှုံ့ဆော်ခဲ့သလိုမျိုး ပုံစံပေါက်သွားတယ်။

ဘယ်လို အနောက်တိုင်း သတင်းကျင့်ဝတ်စံနှုန်းနဲ့ပဲကြည့်ကြည့်၊ ဒါဟာ သတင်းသမားတွေရဲ့ကျင့်ဝတ်ကို အကြီးအကျယ်ချိုးဖောက်ပြီး မလုပ်သင့်တဲ့အပြစ် (cardinal sin of journalism) တစ်ခုပဲ။

သူတို့ဟာ ၂၀၂၁ က မိန့်ခွန်းကို မဟုတ်မမှန်ပြင်ဆင်၊ ဖြတ်ညှပ်ကပ်လုပ်ပြီး ၂၀၂၄ အမေရိကန်ရွေးကောက်ပွဲမတိုင်ခင် တစ်ပတ်အလိုမှာ ထုတ်ပြန်ခဲ့တယ်။

ဒါဟာ သမ္မတထရမ့် မပြောခဲ့တဲ့စကားကို ပြောခဲ့တယ်လို့ထင်အောင် ပရိသတ်ကို ထင်ရှားစွာ လိမ်ညာလှည့်ဖြားလိုက်တာပဲ။

ဒီလူလိမ်လူညာတွေဟာ တတ်နိုင်သမျှ ပုန်းကွယ်ပြီး အချိန်ဆွဲနေခဲ့ကြသေးတယ်။ ဒါပေမဲ့ သမ္မတအိမ်ဖြူတော်ရဲ့ ဖိအားတွေအောက်မှာတော့ သူတို့ရဲ့ CEO နဲ့ ညွှန်ကြားရေးမှူးချုပ်တို့ဟာ ရာထူးကနေ နုတ်ထွက်သွားပြီ။ သူတို့ရဲ့ ဥက္ကဋ္ဌကလည်း လူသိရှင်ကြား တောင်းပန်ခဲ့ရပြီ။ အဆုံးမှာတော့ ဒူးထောက်ကြရပြီ။

သမ္မတထရမ့်ရဲ့ သတင်းထုတ်ပြန်ရေး အတွင်းရေးမှူးက BBC ကို **"၁၀၀ ရာခိုင်နှုန်း အလိမ်အညာသတင်း"** လို့ကို ခေါ်လိုက်တာ။ တော်တယ်။ မှန်တယ်။ ဒီလိုပဲ ဆက်လုပ်ရမယ်။

ခိုးထုပ်ခိုးထည်ကြီးနဲ့ မိနေတာတောင် အားမတန်လို့ မာန်လျှော့ပြီး ရာထူးကနေ ဆင်းသွားရတဲ့ ညွှန်ကြားရေးမှူးချုပ်ဟောင်းက ဘာမှမမှားဘူး၊ ဒီကော်ပိုရေးရှင်းရဲ့ သတင်းသမားလုပ်ရပ်တွေကို အလွန်ကိုဂုဏ်ယူတယ်လို့ ပြောသွားသေးတယ်။ ဒီကိစ္စတွေ အားလုံးပေါ်လာတာဟာ "ရန်သူတွေ" ကြောင့်လို့လည်း သူကဆိုတယ်။ "အမှားလေးနည်းနည်းတော့ ဖြစ်ခဲ့တယ်"တဲ့။ အမှားလေးနည်းနည်းဟုတ်သလား။

ရာထူးကနေ ထွက်ခွာသွားတဲ့ CEO ဟောင်းကလည်း "ခြစားနေတဲ့ သတင်းသမားတွေ" (corrupt journalists) ဆိုတဲ့ သမ္မတထရမ့်ရဲ့ ပြောဆိုမှုကို တုံ့ပြန်တဲ့အနေနဲ့ သူတို့ရဲ့ သတင်းဌာနဟာ "အဖွဲ့အစည်းဆိုင်ရာ ဘက်လိုက်မှုမရှိဘူး"လို့ ပြောခဲ့ပြီး "ကမ္ဘာ့အယုံကြည်ရဆုံး သတင်းဌာန"လို့ ဆက်ပြောသွားသေးတယ်။

ကမ္ဘာပေါ်မှာ ဘာတွေဖြစ်နေတာလဲ။ သူတို့မှာ အရှက်ဆိုတာမရှိတော့ဘူးလား။ မရှိပါဘူးလေ။ သိက္ခာဆိုတာ တစ်စက်ကလေးတောင် မရှိတော့ဘူး။ ဒီလူတွေ ပေါက်ပန်းလေးဆယ်မှ တကယ့်ပေါက်ပန်းလေးဆယ်တွေပါပဲ။

ကဲ… အခု မြန်မာနိုင်ငံအကြောင်းကို တစ်လှည့်ပြောကြည့်ရအောင်။

ဒီ BBC က မြန်မာနိုင်ငံမှာ အလိမ်အညာသတင်းတွေ ဖြန့်၊ ပြည်တွင်းရေးတွေကို ဝင်စွက်ဖက်နေတာ အတော်ကြာနေပြီ။

သူတို့လို လူစားမျိုးက အင်ပါယာကြီး (The Empire) နေဝင်ကွယ်ပျောက်သွားတာ ကြာပြီဆိုတဲ့ အမှန်တရားကို လက်မခံနိုင်ကြဘူး။ သူတို့ရဲ့ စိတ်ကူးထဲမှာ မြန်မာနိုင်ငံဟာ ကိုလိုနီနယ်ဖြစ်နေတုန်းပဲလို့ ထင်နေပုံရတယ်။ ဒါကြောင့် မြန်မာလိုနိုင်ငံမျိုးမှာ ဆက်ပြီးဝင်ရောက်စွက်ဖက်ပြီး မတည်ငြိမ်မှုတွေဖြစ်အောင် လုပ်နေရမယ်လို့ ယူဆကြတာ။

**စာမျက်နှာ ၁၀ သို့** ☆

> **ဘာဖြစ်လို့ BBC မြန်မာပိုင်းအစီအစဉ် (BBC Myanmar Service) ဆိုတာ ရှိနေရတာလဲ။**
> **(၁) သူတို့ လက်မလွှတ်နိုင်သေးလို့။**
> **(၂) ဆက်လက်ပြီး ဝင်စွက်ဖက်ဖို့အတွက် သက်သက်။ ဒါမှမဟုတ် ….**
> **(၃) သတင်းအချက်အလက်စုဆောင်းဖို့ ဖြစ်နိုင်တယ်။**
> **သူတို့ဟာ မြန်မာနိုင်ငံရဲ့ လာမယ့် ရွေးကောက်ပွဲတွေမှာ ဝင်ရောက်စွက်ဖက်ကြဦးမှာပဲ။ တရားဝင်ရော၊ တရားမဝင်ရော ဝင်လာကြလိမ့်မယ်**

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ဆိုင်းဘုတ်တင်အခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၈

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ဦးဆောင်သည့်၂၀၂၅ခုနှစ်ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများ စည်ကားသိုက်မြိုက် အောင်မြင်စွာကျင်းပနိုင်ရေး ဆိုင်းဘုတ်တင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်း မိန်းဂိတ်ဝ၌ ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်ပြီး အများပြည်သူပါဝင်သည့် လူထုလမ်းလျှောက်ပွဲများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စုပေါင်းလမ်းလျှောက်ပွဲအပြီးတွင် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းအဖြစ် အကြောလျှော့ခြင်းနှင့် Fitness Dance များကို ပျော်ပျော်ပါးပါး စုပေါင်းပါဝင်ဆင်နွှဲသွားမည်ဖြစ်၍ ပူးပေါင်းဆောင်ရွက်ရန် မှာကြားပြီး လာမည့်ဒီဇင်ဘာ ၆ ရက်၊ ၁၃ ရက်၊ ၂၀ ရက်နှင့် ၂၇ ရက်တို့တွင် ဆောင်ရွက်မည့် ဒီဇင်ဘာလူထုလှုပ်ရှားမှု အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲဆိုင်းဘုတ်ကို ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ အမွှေးနံ့သာရည်များ ပက်ဖျန်းကာ စုပေါင်းလမ်းလျှောက်ပွဲဆောင်ရွက်မည့် လမ်းကြောင်းနှင့် ပတ်လမ်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် National Fitness ဖြစ်သည့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူဖြစ်စေရေး၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံးဖြစ်စေရေး၊




ပေးအပ်ထားသည့် တာဝန်များကို တက်ကြွရွှင်လန်းစွာ ပိုမိုထမ်းရွက်နိုင်ရေး ရည်ရွယ်ပြီး ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများဖြစ်သည့် လွန်ဆွဲ(ကျား/မ)၊ ထုပ်ဆီးတိုး၊ အပြေးပြိုင်ပွဲများ ကျင်းပမည့် လေ့ကျင့်ရေးကွင်းအမှတ်(၁/၂/၃/၄)တို့ကို ကြည့်ရှုစစ်ဆေးပြီး ပြိုင်ပွဲများအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ စည်းကမ်းတကျ လာရောက်အားပေးနိုင်ရေး နေရာထိုင်ခင်းများ ကြိုတင်စီစဉ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဓာတ်အားခွဲရုံများနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၈

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်နှင့် ခရိုင်တို့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ရှိ လျှပ်စစ်ဓာတ်အားခွဲရုံများ နှင့် မြို့နယ် လျှပ်စစ်မန်နေဂျာရုံးများကို ကွင်းဆင်းစစ်ဆေးသည်။



ဦးစွာ သာကေတမြို့နယ် လျှပ်စစ်မန်နေဂျာရုံးနှင့် ယင်းမြို့နယ်အတွင်းရှိ ဓာတ်အားခွဲရုံများမှ ဓာတ်အားဖြန့်ဖြူးထားမှု၊ ဖီဒါအလိုက် ဓာတ်အားပေါက်ဆုံးမှု၊ ဓာတ်အားခကြွေးကျန် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ၃၃/၆.၆ ကေဗွီ သုမနဓာတ်အားခွဲရုံ၌ ဓာတ်အားဖြန့်ဖြူးနေမှု၊ ဓာတ်အားခွဲရုံကြံ့ခိုင်ကောင်းမွန်စေရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးကာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး၊ ဓာတ်အားပျောက်ဆုံးမှုများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရေး ထရန်စဖော်မာအလိုက် မီးသုံးသူစာရင်းများ ပြုစုဆောင်ရွက်ရန်နှင့် ရပ်/ပျက်/နှေး ဖြစ်ပေါ်နေသည့် မီတာများကို အမြန်အစားထိုးလဲလှယ်ဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဒေါပုံမြို့နယ်လျှပ်စစ်မန်နေဂျာရုံးနှင့် ၃၃/၁၁-၆.၆ ကေဗွီ မြို့နယ်ရုံး ဓာတ်အားခွဲရုံ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းကျဆင်းရေးနှင့် တရားမဝင် ဓာတ်အားသုံးစွဲမှုများ မရှိစေရေးအတွက် ကွင်းဆင်းကြီးကြပ်စစ်ဆေးရန်၊ ဘုံမှတ်တမ်းများနှင့် ဆီးလ်ခတ် မှတ်တမ်းများကို စနစ်တကျရေးသွင်းရန် မှာကြားပြီး တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချစ်ဆောင်(YESC)

# ထန်းတပင်မြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်သွားမည့် နဲသမိန်-အောက်ခြံတန်း ကျေးရွာချင်းဆက်လမ်းအား ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည့် နဲသမိန်-အောက်ခြံတန်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းမှာကြား

ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး) ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ ဦးဇော်မိုးဦး၊ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်ဇော်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား သတ်မှတ်အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားရန်နှင့် ကျေးလက်နေပြည်သူများ ကျန်းမာရေး၊ စီးပွားရေး ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)



# မကွေးမြို့၌ လူငယ်စကားဝိုင်းကျင်းပ

မကွေး နိုဝင်ဘာ ၁၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန လေ့ကျင့်ရေးအလယ်တန်းကျောင်းတို့ ပူးပေါင်းဆောင်ရွက်



သော လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက မကွေးမြို့ အခြေခံပညာလေ့ကျင့်ရေးအလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်ဝင်းအိမွန်က ဦးဆောင်ဆွေးနွေးပြီး လေ့ကျင့်ရေးအလယ်တန်းကျောင်း Grade 8 မှ ကျောင်းသား ကျောင်းသူများဖြစ်သော မသက်ထက်ဇင်၊ မဝင့်ရွှေရည်ကို၊ မောင်စစ်မင်းထက်နှင့် မောင်မြတ်ဘုန်းသာတို့က လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့် ဘဝအသိ၊ လူငယ်နှင့်အားကစား စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

☆ စာမျက်နှာ ၉ မှ

ဘာဖြစ်လို့ BBC မြန်မာပိုင်းအစီအစဉ် (BBC Myanmar Service) ဆိုတာ ရှိနေရတာလဲ။

(၁) သူတို့ လက်မလွှတ်နိုင်သေးလို့။

(၂) ဆက်လက်ပြီး ဝင်စွက်ဖက်ဖို့အတွက် သက်သက်။ ဒါမှ မဟုတ် ....

(၃) သတင်းအချက်အလက် စုဆောင်းဖို့ ဖြစ်နိုင်တယ်။

သူတို့ဟာ မြန်မာနိုင်ငံရဲ့ လာမယ့် ရွေးကောက်ပွဲတွေမှာ ဝင်ရောက်စွက်ဖက်ကြဦးမှာပဲ။ တရားဝင်ရော၊ တရားမဝင်ရော ဝင်လာကြလိမ့်မယ်။ မြန်မာလိုနိုင်ငံငယ်လေးရဲ့ အချုပ်အခြာအာဏာ (sovereignty) ဆိုတာ သူတို့အတွက် အရေးလုပ်စရာမဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ် ကိုလိုနီနယ်ဖြစ်နေတုန်းပဲ မဟုတ်လား။

ကောင်းပြီ။ လွန်ခဲ့တဲ့လအနည်းငယ်က အကြီးအကျယ်ပျက်စီးစေခဲ့တဲ့ ငလျင်ပြီးပြီးချင်းမှာပဲ သူတို့ဟာ တရားမဝင် ဝင်ရောက်ခဲ့ကြတာကိုကြည့်။ ဒီလိုအလိမ်အညာသတင်းသမား လူဆိုးဂိုဏ်း (fake news thugs) တွေကို ဘယ်သူ့ကိုမှ မပေးဝင်သင့်ဘူး။ ဉာဏ်ရည်နိမ့်တဲ့ (low IQ) အလိမ်အညာသတင်း "သတင်းသမား" ဆိုတဲ့သူက သူတို့ တရားမဝင် ဝင်ရောက်ခဲ့တာကိုတောင် သတင်းထဲမှာ ပေါ်တင်ပြောသွားသေးတာ။

နောက်တစ်ခါ သူတို့ဝင်လာပြီး အဖမ်းခံရရင် ဥပဒေရဲ့ အမြင့်ဆုံးပြစ်ဒဏ်နဲ့ တရားစွဲပစ်လိုက်ပါ။ ဒီတရားစီရင်မှု လုပ်ငန်းစဉ်တွေကို လူသိရှင်ကြားချပြလိုက်၊ တစ်ကမ္ဘာလုံးကိုသိစေပါ။ သူတို့ရဲ့ အမှားတွေကို ကမ္ဘာသိအောင် ဖော်ထုတ်ပြီး သူတို့သိက္ခာကျအောင် အရှက်ရအောင် လုပ်လိုက်ပါ။

ဒီခေတ်ကြီးမှာ သူတို့ဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ဥပဒေစနစ်တွေကို "သားပိုက်ကောင် တရားရုံး" (kangaroo court – တရားဝင်ဥပဒေစနစ်နဲ့ မသက်ဆိုင်တဲ့၊ တရားမျှတမှုမရှိဘဲ လျင်မြန်စွာ စီရင်ဆုံးဖြတ်တဲ့အဖွဲ့ ဒါမှမဟုတ် တရားစီရင်ရေးလုပ်ငန်းစဉ်) လို့ ပြောလို့မရတော့ဘူး။

တခြားနိုင်ငံတွေမှာရှိတဲ့ သူ့ရဲ့သတင်းဌာနခွဲတွေဟာ သူတို့ရဲ့ သတင်းကျင့်ဝတ် စံနှုန်းအောက်မှာ ရှိတယ်လို့ ဒီကော်ပိုရေးရှင်းကြီးက ဘယ်လိုလုပ်ပြောရဲသေးလဲ။ လက်တွေ့ကျကျ စဉ်းစားကြည့် အမှန်အတိုင်း ပြောကြည့်ရအောင်။ ။

၁၇-၁၁-၂၀၂၅ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ ထွန်းမြင့်ကျော် (အယ်လ်အေ) ၏ The BBC ဆောင်းပါးကို ဆီလျော်အောင် ဘာသာပြန်ဆိုထားပါသည်။

# မြဝတီဒေသတွင်ပြုလုပ်နေသော အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ချေမှုန်းနေမှုများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်



ဒီနေ့ကျွန်တော်တို့ မိဘပြည်သူများနှင့် မီဒီယာများကို အသိပေးပြောကြားလိုတာကတော့ မြဝတီဒေသမှာ ပြုလုပ်နေတဲ့ အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ချေမှုန်းရေးကိစ္စတွေ၊ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်နေမှုကိစ္စတွေကိုပြောလိုပါတယ်။ ဒီနေ့ နိုဝင်ဘာလ ၁၈ ရက်နေ့မနက်မှာပဲ မြဝတီမြို့ရဲ့ မြောက်ဘက်မှာရှိတဲ့ ရွှေကုက္ကိုလ်နယ်မြေကို ဌာနဆိုင်ရာအဖွဲ့အစည်းတွေနဲ့ လုံခြုံရေး ပူးပေါင်းတပ်ဖွဲ့ဝင်တွေက ဝင်ရောက်ရှင်းလင်းခဲ့ပါတယ်။ ပထမဦးစွာ အဲဒီထဲမှာရှိနေတဲ့ ခွင့်ပြုချက်မရရှိဘဲ ဆောက်လုပ်ထားတဲ့ အဆောက်အအုံသုံးလုံးကို အရင်ဝင်ရောက်ရှင်းလင်းခဲ့ပါတယ်။ အဲဒီထဲကနေ စိစစ်ဆဲနိုင်ငံခြားသား ၃၄၆ ဦး ဖမ်းမိခဲ့ပါတယ်။ အွန်လိုင်းလောင်းကစားမှုမှာ အသုံးပြုနေတဲ့ ဖုန်းအလုံးရေ တစ်သောင်းနီးပါးလောက် ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်ပစ္စည်းတွေလည်း ဖမ်းဆီးရမိခဲ့ပါတယ်။ တစ်ဖက်နိုင်ငံကို ထွက်ပြေးမယ့်သူတွေကိုလည်း ကျွန်တော်တို့ ပိတ်ဆို့ဖမ်းဆီးလျက်ရှိပါတယ်။ ဒီနယ်မြေမှာ အွန်လိုင်းလောင်းကစားမှုလုပ်ဆောင်နေတဲ့ နယ်မြေသုံးခုရှိပါတယ်။ အဲဒါတွေကတော့ နံပါတ်တစ်ကတော့ KK Park နယ်မြေ၊ နံပါတ်နှစ်ကတော့ ရွှေကုက္ကိုလ်နယ်မြေနဲ့ နံပါတ်သုံးကတော့ ကျောက်ခတ်နယ်မြေဖြစ်ပါတယ်။ KK Park နယ်မြေကတော့ အားလုံးသိတဲ့အတိုင်းပဲ မြဝတီမြို့ရဲ့ တောင်ဘက်မှာရှိတယ်။ ရွှေကုက္ကိုလ်နယ်မြေကတော့ မြဝတီမြို့ရဲ့မြောက်ဘက်မှာရှိတယ်။ ကျောက်ခတ်ဒေသကတော့ တောင်ဘက်အစွန်ဆုံးပေါ့။ KK Park ရဲ့ တောင်ဘက်မှာရှိတဲ့ နယ်မြေတွေဖြစ်ပါတယ်။

ဒီနေရာတွေမှာ ဘယ်သူတွေပါဝင်ပတ်သက်နေတယ်ဆိုတဲ့ ဟာကလည်း ကျွန်တော်ယခင်တုန်းက အတိအလင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ KK Park နယ်မြေနဲ့ပတ်သက်ပြီး ကျွန်တော်အားလုံးကို ရှင်းလင်းပြောပြတဲ့နေရာမှာ အထောက်အထားတွေနဲ့ ဘယ်သူတွေနဲ့ ဘယ်အချိန်တုန်းက စာချုပ်ချုပ်ခဲ့တယ်၊ KNU အဖွဲ့ထဲကသူတွေနဲ့ စာချုပ်ဘယ်လိုချုပ်ခဲ့တယ်၊ ဘယ်လိုမျိုးဆောင်ရွက်ခဲ့တယ်၊ ဘယ်သူတွေပါဝင်ပတ်သက်ခဲ့တယ်ဆိုတာ ကျွန်တော် ရှင်းလင်းပြောကြားပြီး ဖြစ်ပါတယ်။ KK Park နယ်မြမှာ အဓိကကတော့ မုလအိအလင်းကုမ္ပဏီ၊ Tran-Asia International Holding Group (Thailand)ကုမ္ပဏီတွေ ပါဝင်ပတ်သက်တာ ဖြစ်ပါတယ်။ ရွှေကုက္ကိုလ် နယ်မြေမှာကတော့ Myanmar Yatai International Holding Group ကုမ္ပဏီ ပါဝင်ပတ်သက်တာဖြစ်ပါတယ်။ ကျောက်ခတ်နယ်မြေမှာကတော့ Chongkhaed Garden Resort ကုမ္ပဏီက ပါဝင်ပတ်သက်တာ ဖြစ်ပါတယ်။ အဲဒီနယ်မြေမှာ ရောက်ရှိပြီး အွန်လိုင်းလောင်းကစားမှုတွေ၊ အွန်လိုင်းလိမ်လည်မှုတွေ လုပ်ဆောင်နေတယ်ဆိုတဲ့ နိုင်ငံခြားသားတွေ ဘယ်လိုမျိုးရောက်ရှိလာသလဲ ဆိုတဲ့ဟာကို ကျွန်တော်တို့ရှင်းပြပြီး ဖြစ်ပါတယ်။ အဲဒီကိုရောက်ရှိလာတဲ့ အွန်လိုင်းလိမ်လည်တဲ့ နိုင်ငံခြားသားတွေဟာ ၉၉ ဒသမ ၅ ရာခိုင်နှုန်းလောက်က တစ်ဖက်နိုင်ငံကနေတစ်ဆင့် မြန်မာနိုင်ငံထဲကို ကူးပြောင်းရောက်ရှိလာတာ ဖြစ်ပါတယ်။ အဲဒီနယ်မြေမှာ ၂၀၂၁ ခုနှစ်နောက်ပိုင်းမှာ တိုက်ပွဲတွေဖြစ်ပွားခဲ့ပြီးတော့ မြဝတီမြို့နဲ့ အလှမ်းကွာဝေးတဲ့ ခုနကနယ်မြေတွေမှာ တိုင်းရင်းသားလက်နက်ကိုင် EAOs၊ KNU၊ KNLA အဖွဲ့၊ ပြီးရင် NCA စာချုပ်လက်မှတ်ရေးထိုးထားတဲ့ တချို့သော EAO အဖွဲ့တွေ၊ ပြီးရင် နယ်ခြားစောင့်တပ်ဖွဲ့အမည်ခံ တပ်ဖွဲ့တွေ ဝင်ရောက်လုပ်ကိုင်နေတာ ဖြစ်ပါတယ်။ အဲဒီလူတွေကိုပဲ ချဉ်းကပ်ပြီးတော့ ကိုယ်ကျိုးရှာစီးပွားရေးသမားတွေက အဲလူတွေနဲ့ ဆက်စပ်ပြီးတော့ ဒီလုပ်ငန်းတွေကို လုပ်ဆောင်နေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မြဝတီမြို့နဲ့အနီးတစ်ဝိုက်ကို ကျွန်တော်တို့ လွှမ်းမိုးနိုင်တဲ့နေရာတစ်ဝိုက်မှာ အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးတွေ စတင်ဆောင်ရွက်ခဲ့တယ်။

တဖြည်းဖြည်း နယ်မြေငြိမ်းချမ်းလာတာနဲ့အမျှ နယ်မြေစိုးမိုးရေး၊ နယ်မြေရှင်းလင်းရေးတွေလုပ်ပြီး အွန်လိုင်းလိမ်လည်မှု အမြစ်ပြတ်ပပျောက်ရေးအတွက် ကျွန်တော်တို့ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ရဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ စစ်သည်တွေ၊ ဝန်ထမ်းတွေ အသက်၊ သွေး၊ ချွေးပေးဆပ်ပြီး လုပ်ဆောင်ခဲ့ရတာ ဖြစ်ပါတယ်။ ဒီနယ်မြေမှာ တရားမဝင်ရောက်ရှိလာတဲ့ နိုင်ငံခြားသားတွေကို ကျွန်တော်တို့ စစ်ဆေးပြီးဖြစ်ပါတယ်။ တချို့စစ်ဆေးချက်မှတ်တမ်းတွေကို မီဒီယာတွေ၊ မိဘပြည်သူတွေသိအောင် ကျွန်တော်တို့ ထုတ်ပြန်ပြောကြားလိုက်ပါတယ်။ အဲဒီထုတ်ပြန်ပြောကြားချက်ကို ကြည့်ရင် ဒီလူတွေဟာ ဘယ်ကနေရောက်လာလဲ၊ ဘာတွေလုပ်ခဲ့လဲဆိုတာကို အထင်အရှားသိနိုင်မှာဖြစ်ပါတယ်။ ပြီးရင်တော့ ကျွန်တော်တို့ ခုနကပြောတဲ့နေရာ သုံးခု KK Park၊ ရွှေကုက္ကိုလ်၊ ကျောက်ခတ်ဒေသ၊ ဒီနေရာတွေရဲ့အခြေခံလူနေထိုင်မှုရေ၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးစတာတွေက တစ်ဖက်နိုင်ငံကနေ ရရှိနေတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးလည်း ကန့်ကွက်လို့ တစ်ဖက်နိုင်ငံက ပူးပေါင်းဆောင်ရွက်မှုတွေပြုလုပ်ခဲ့ပြီး ပိတ်ပင်တာမျိုးတွေ၊ ဆောင်ရွက်ခဲ့တာမျိုးတွေရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ပထမဦးဆုံး နယ်မြေစိုးမိုးရေး၊ ရှင်းလင်းရေးလုပ်ခဲ့တဲ့ KK Park လိုနယ်မြေမျိုးမှာ ပြန်လည်ပြီး အွန်လိုင်းလောင်းကစားမှုတွေ အခြေမချနိုင်ဖို့အတွက် အဲဒီမှာရှိနေတဲ့ အဆောက်အအုံတွေကို ကျွန်တော်တို့ ၁၀၀ ရာခိုင်နှုန်းဖျက်ဆီးနိုင်အောင် ကျွန်တော်တို့ ဆောင်ရွက်ခဲ့တယ်။ ဆောင်ရွက်ခဲ့တဲ့နေရာမှာလည်း စက်ယန္တရားတွေနဲ့ ဖြိုဖျက်ခဲ့တာတွေရှိတယ်။ အဆင့်မြင့်ဖောက်ခွဲခဲ့တာမျိုးတွေ ရှိပါတယ်။

ဒီဖောက်ခွဲမှုတွေနဲ့ ပတ်သက်ပြီးတော့ တစ်ဖက်နိုင်ငံအနေနဲ့က ဒီဖောက်ခွဲလိုက်တဲ့အစအနတွေ သူတို့နိုင်ငံထဲမှာ ကျတယ်ဆိုပြီး ကန့်ကွက်တဲ့ဟာမျိုးလေးတွေရှိပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီးလည်း ကျွန်တော်တို့ ဗီဒီယိုမှတ်တမ်းတွေ ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ သူတို့ကို ဒီအစအနတွေမကျဘူးဆိုတာလည်း ဗီဒီယိုမှတ်တမ်းတွေနဲ့ ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါကျွန်တော် ပုံတစ်ပုံကို ပြလိုပါတယ်။ ဒီမှာဆိုရင် ဒါ KK Park ထဲမှာရှိတဲ့ အဆောက်အအုံကို ကျွန်တော်တို့ ဖြိုချဖျက်ဆီးတာ ဖြစ်ပါတယ်။ ဖြိုချဖျက်ဆီးတဲ့နေရာမှာ ဒီအဆောက်အအုံဟာ တည့်တည့်ပဲအောက်ကို ပြိုကျသွားတာဖြစ်ပါတယ်။ အဆင့်မြင့်ဖောက်ခွဲနည်းပညာနဲ့ အသုံးပြုတဲ့အတွက်ကြောင့်မို့လို့ အောက်ကိုပြိုကျသွားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တစ်ဖက်နိုင်ငံထဲကိုကျဖို့နေနေသာသာ သူ့ရဲ့ ဘေးနားမှာရှိတဲ့ သစ်ပင်တွေတောင် မလှုပ်ဘူးဆိုတာတောင် တွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် တစ်ဖက်နိုင်ငံရဲ့ နယ်စပ်အနီးမှာကပ်နေတဲ့ Hotel တစ်လုံးကိုလည်း ကျွန်တော်တို့ ဖြိုချဖျက်ဆီးခဲ့ပါတယ်။ ဒီလိုဖြိုချဖျက်ဆီးတဲ့ နေရာမှာလည်း တစ်ဖက်နိုင်ငံကို ကျရောက်ဖို့ နေနေသာသာ တစ်ဖက်နိုင်ငံနဲ့ ကျွန်တော်တို့ရဲ့ နယ်ခြားမျဉ်းဖြစ်တဲ့ ဒီမြစ်ထဲကိုတောင်မှ အစအနကျတာ မတွေ့တာကို ထင်ရှားစွာတွေ့နိုင်မှာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးလည်း ကျွန်တော်တို့ အဆောက်အအုံများ ဖြိုချရှင်းလင်းခြင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ နောက်တစ်ခု ဒါနဲ့ပတ်သက်ပြီးတော့ အမေရိကန်နိုင်ငံအနေနဲ့ နိုဝင်ဘာလ ၁၂ ရက်နေ့ ရက်စွဲနဲ့ ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဒီမှာ ကျွန်တော်တို့တွေ့ရတာကတော့ ဒီနေ့မှာ တွေ့ရတဲ့ ကြေညာချက်ဖြစ်ပါတယ်။ ဒီထဲမှာတော့ အွန်လိုင်းလိမ်လည်မှုတွေ အနေနဲ့ အမေရိကန်ကို ကာကွယ်ဖို့ဆိုပြီးတော့ District of Columbia Scam Center Strike Force ကို ဖွဲ့စည်းခဲ့တယ်။ SCSF ကို ဖွဲ့စည်းခဲ့တယ်လို့ သူတို့ ကြေညာလာတာကို တွေ့ရပါတယ်။ ဒီထဲမှာ ကျွန်တော်တို့ လေ့လာကြည့်တဲ့ အခါမှာ အရှေ့တောင်အာရှနိုင်ငံတွေကို အခြေပြုပြီးတော့ Cryptocurrency နဲ့ အပါအဝင် ဆိုက်ဘာလိမ်လည်မှုတွေကို အမေရိကန်နိုင်ငံကို ကာကွယ်ဖို့ဆိုပြီး ဖွဲ့စည်းကြောင်း ကြေညာခဲ့တာ ဖြစ်ပါတယ်။

ဒီထဲမှာ ထူးထူးခြားခြား အသုံးအနှုန်းလေးတွေပါတာကို ကျွန်တော်ပြောပြချင်ပါတယ်။ ထူးထူးခြားခြားအသုံးအနှုန်းလေးတွေက တတိယအပိုဒ်လောက်မှာ တရုတ်နိုင်ငံဖြတ်ကျော် ရာဇဝတ်အဖွဲ့အစည်းများ (TCOs)က Cryptocurrency ရင်းနှီးမြှုပ်နှံမှု၊ လိမ်လည်မှုများနှင့် ယုံကြည်မှု၊ လိမ်လည်မှုအမျိုးမျိုးကို အသုံးပြုပြီး နေ့စဉ် အမေရိကန်များ၏ စုဆောင်းငွေများ၊ အသက်များကို ခိုးယူလျက်ရှိသည်ဆိုပြီး ပါတာတွေ့ရပါတယ်။ နောက်တစ်ပိုဒ်မှာတော့ လိမ်လည်မှုစင်တာတွေဟာ အမေရိကန်မှ တရုတ်ရာဇဝတ်ဂိုဏ်းများ၏ အိတ်ကပ်ထဲသို့ မျိုးဆက်တစ်ခုပြီးတစ်ခု ချမ်းသာကြွယ်ဝမှုရှိအောင်ဖန်တီးနေတယ်ဆိုပြီး စွပ်စွဲထားတာမျိုးလည်း တွေ့ရပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး Strike Force Burma အဖွဲ့သည် မြန်မာနိုင်ငံရှိ လိမ်လည်မှုစင်တာနှစ်ခုကို စစ်ဆင်ရေးများ ပြုလုပ်ခဲ့သည်ဆိုပြီးလည်း ပါတာတွေ့ရပါတယ်။ သူတို့စစ်ဆင်ရေး ဘယ်လိုလုပ်ခဲ့လဲ၊ မလုပ်ခဲ့လဲဆိုတာတော့ ကျွန်တော်တို့လည်း မသိပါဘူး။ မြေပြင်မှာလည်း တွေ့ရတာတော့ မရှိပါဘူး။

ဒါ့အပြင် မြန်မာနိုင်ငံမှာရှိတဲ့ KK Parkကဲ့သို့သောလိမ်လည်မှုနေရာများကို တိုက်ဖျက်ရန်အတွက် Royal Thai Police War Room Task Force နဲ့ အတူ ပူးပေါင်းဆောင်ရွက်ရန် ဗန်ကောက်ကို FBI agent များ စေလွှတ်ခဲ့သည်ဆိုတာလည်း ပါပါတယ်။ ဒါဟာ သူတို့ထုတ်ပြန်တဲ့ နှစ်မျက်နှာလောက်ရှိတဲ့ ထုတ်ပြန်ချက်ထဲက ကျွန်တော်တို့ ထုတ်နုတ်ပြီး ပြောတာဖြစ်ပါတယ်။ ဒါတွေကို သုံးသပ်ကြည့်ရင် ဒီနိုင်ငံအနေနဲ့ ခုနက ပြောတဲ့ အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး ဆိုတာထက် Hidden Agenda နက်နဲတဲ့ လျှို့ဝှက်ရည်ရွယ်ချက်တစ်ခု ရှိနေနိုင်တယ်လို့ ကျွန်တော်တို့ သုံးသပ်ရရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ အရှေ့မြောက်ဒေသ လောက်ကိုင်ဒေသမှာ အွန်လိုင်းလောင်းကစားမှုတွေ၊ အွန်လိုင်းလိမ်လည်မှုတွေကို စသိခဲ့တဲ့အတိုင်း တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှု Task Force ကို ဖွဲ့စည်းပြီးဖြစ်ပါတယ်။ အခုထိလည်း ကျွန်တော်တို့ ဆက်လက်လုပ်ဆောင်လျက်ရှိပါတယ်။ ပြီးရင်တော့ ကရင်ပြည်နယ် မြဝတီဒေသ မြန်မာ-ထိုင်း-တရုတ် သုံးနိုင်ငံ သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Trilateral Cooperation) ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အခုထိလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့မှာ တရုတ်နိုင်ငံ ကူမင်းမြို့၌ ကျင်းပခဲ့တဲ့ တရုတ်-မြန်မာ-ထိုင်း-ကမ္ဘောဒီးယား-လာအိုနှင့် ဗီယက်နမ် ခြောက်နိုင်ငံ အွန်လိုင်းလိမ်လည်မှု ပူးပေါင်းတိုက်ဖျက်ရေး အစည်းအဝေး တက်ရောက်ခဲ့ပြီး ဒီအဖွဲ့နဲ့လည်း ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒီနေရာမှာ ကျွန်တော်ပြောချင်တာကတော့ ဒီအွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု ဆိုတာသည် ကျွန်တော်တို့မြန်မာတစ်နိုင်ငံတည်းကိုပဲ ဒုက္ခပေးနေတာ မဟုတ်ပါဘူး။ လိမ်လို့ရတဲ့နိုင်ငံတကာက နိုင်ငံသူနိုင်ငံသားတွေကိုလည်း လိမ်လည်နေတာဖြစ်ပါတယ်။ ဒါကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ပြတ်ပြတ်သားသားတိုက်ဖျက်ဖို့လည်း နိုင်ငံတော်ယာယီသမ္မတ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ လူထုတွေ့ဆုံပွဲတွေမှာလည်း ဒါကိုပြတ်ပြတ်သားသား ထုတ်ဖော်ပြောဆိုပြီး ဖြစ်ပါတယ်။ အန္တရာယ်များတဲ့ကိစ္စဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံသူနိုင်ငံသားအားလုံး၊ မီဒီယာများအားလုံးအနေနဲ့ ဒီအွန်လိုင်းလိမ်လည်မှုတွေ၊ အွန်လိုင်းလောင်းကစားမှုတွေနဲ့ ပတ်သက်ပြီး သတင်းရရှိလာရင် သက်ဆိုင်ရာကို သတင်းပေးကြပါ။ ပူးပေါင်းဆောင်ရွက်သွားကြပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရအနေနဲ့လည်း ခြောက်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွေ ဒေသတွင်းအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဒီအွန်လိုင်းလိမ်လည်မှု၊ လောင်းကစားမှုတွေကို မြန်မာ့မြေပေါ်ကနေ အပြီးတိုင်ချုပ်ငြိမ်းသွားအောင် အမြစ်ပြတ်ချေမှုန်းသုတ်သင်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


✻ ကျောဖုံးမှ

အွန်လိုင်း လိမ်လည် လောင်းကစားမှုများကို ကျူးလွန်ကြသူများအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အဓိကဦးဆောင် ကျူးလွန်ခဲ့ကြသူများသည် တရုတ်နိုင်ငံသားများ အပါအဝင် Social Media မှတစ်ဆင့် နည်းမျိုးစုံဖြင့် မက်လုံးပေးစည်းရုံးမှုကြောင့် နိုင်ငံစုံမှ အလုပ် လာရောက်လုပ်ကိုင်ရင်း အွန်လိုင်း လိမ်လည်မှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့ရသည့် လူကုန်ကူးခံရသူများနှင့် ရာဇဝတ်မှုများ ကျူးလွန် ထွက်ပြေးတိမ်းရှောင် နေကြသူများဖြစ်ပြီး ၎င်းတို့အနေဖြင့် ၂၀၁၅ ခုနှစ် ခန့်မှစ၍ အရှေ့တောင်အာရှနိုင်ငံအချို့တွင် လုပ်ကိုင်ခဲ့ကြပြီး အိမ်နီးချင်းနိုင်ငံအချို့ ပဋိပက္ခဖြစ်မှုနောက်ပိုင်းမှ မြန်မာနိုင်ငံ အရှေ့တောင်ဒေသ ကရင် လက်နက်ကိုင် အဖွဲ့အစည်းများ ခေတ္တစိုးမိုးထားသည့် မြဝတီဒေသသို့ တစ်ဖက်နိုင်ငံမှတစ်ဆင့် နည်းမျိုးစုံ၊ နည်းလမ်းပေါင်းစုံဖြင့် ဝင်ရောက် လုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၌ ၂၀၂၂ ခုနှစ်အတွင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်ဒေသ၌ အခြေခံ အဆောက်အအုံများ တည်ဆောက်ကာ အွန်လိုင်း လိမ်လည် လောင်းကစားမှုများ အပါအဝင် အခြားသော တရားမဝင်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြရာမှ မြန်မာနိုင်ငံအစိုးရအနေဖြင့် လောက်ကိုင်ဒေသရှိ အွန်လိုင်း လိမ်လည်လောင်းကစားမှု ကျူးလွန်နေမှုများအား တရုတ်နိုင်ငံနှင့်အတူ နှစ်နိုင်ငံ Task Force ဖွဲ့စည်းကာ ပူးပေါင်းနှိမ်နင်းမှုများကို ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတော် အစိုးရအနေဖြင့် ဖော်ထုတ် ဖမ်းဆီးရမိသူများသည် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများ ဖြစ်သော်လည်း လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားဥပဒေနှင့်အညီ စစ်ဆေးပြီး ပါဝင်ပတ်သက်သူ ၅၃၃၈၈ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ပြန်လည် လွှဲပြောင်းပေးခဲ့သည့် အပြင် အဓိက ပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့ထံ တရားဝင် လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အွန်လိုင်း လိမ်လည် လောင်းကစားမှုများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ထိုင်း-မြန်မာနယ်စပ်ရှိ မြဝတီဒေသသို့ ရောက်ရှိလာခဲ့ပြီး မူလအိအလင်း ကုမ္ပဏီနှင့် Tran-Asia International Holding Group (Thailand)ကုမ္ပဏီတို့ လုပ်ငန်းစတင်ခဲ့သည့် KK Park နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အကြောင်းပြ၍ စီမံကိန်းတစ်ရပ်အဖြစ် တည်ဆောက်ခဲ့ပြီး စီမံကိန်း လုပ်ငန်းများရပ်တန့်ထားသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် ယင်းနယ်မြေရှိ Myanmar Yatai International Holding Group ကုမ္ပဏီနေရာ၊ မြဝတီမြို့နယ် ကျောက်ခတ်ကျေးရွာ (Chongkhaed Garden Resort)ရှိ လောင်းကစားရုံများ စသည့် နယ်မြေများအတွင်း၌ အခြေခံ အဆောက်အအုံများ ဆောက်လုပ်ကာ အွန်လိုင်း လိမ်လည် လောင်းကစားမှုများ ကျူးလွန်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် မြန်မာ-ထိုင်း-တရုတ် သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှု ပုံစံ (Trilateral Cooperation)ဖြင့် ပူးပေါင်းနှိမ်နင်းလျက်ရှိပြီး KNLA၊ KNU လက်နက်ကိုင် အကြမ်းဖက်အဖွဲ့အစည်းများနှင့် NUG လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့ဝင်များ ခေတ္တစိုးမိုးထိန်းချုပ်ထားသည့် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းသို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် အကြမ်းဖက် သောင်းကျန်းသူနှိမ်နင်းမှု စစ်ဆင်ရေးဖြင့် ဝင်ရောက်ရှင်းလင်းခြင်းများဆောင်ရွက်ခဲ့ကာ နယ်မြေစိုးမိုးရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် အွန်လိုင်း လိမ်လည်လောင်းကစားမှုများ ယင်းဒေသတွင် လုံးဝ ပြန်လည် အခြေမချနိုင်စေရေး၊ ဒုစရိုက်လုပ်ငန်းများ ထပ်မံ မလုပ်ဆောင်နိုင်စေရေး အတွက် ယင်းဒေသတွင် တရားမဝင် ဆောက်လုပ်ထားသည့် အဆောက်အအုံများအား ဗုံးအလိုက် အပြီးတိုင် ဖျက်ဆီးဖြိုချမှုများ ဆောင်ရွက်လျက်ရှိသည်။ ဗုန် သုံးခုတွင် စုစုပေါင်း အဆောက်အအုံ ၆၃၅ လုံးရှိပြီး နိုဝင်ဘာ ၁၇ ရက် အထိ အဆောက်အအုံ ၁၄၈ လုံးကို ၁၀၀ ရာခိုင်နှုန်း ဖြိုချ ဖျက်ဆီးခဲ့ပြီးဖြစ်သည်။ ကျန်ရှိနေသေးသည့် အဆောက်အအုံ စာမျက်နှာ ၁၃ သို့ ✻




အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်လျက်ရှိသည့် ရွှေကုက္ကိုလ်၊ KK Park၊ ကျောက်ခတ် နယ်မြေများကို တွေ့မြင်ရစဉ်။




မြဝတီမြို့နယ် KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပြုလုပ်နေသည့် အဆောက်အအုံများအား စနစ်တကျ ဖောက်ခွဲဖျက်ဆီးနေမှုကို တွေ့မြင်ရစဉ်။



တရားမဝင်ဝင်ရောက်နေထိုင်သူများနှင့် တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများမှ ဖမ်းဆီးရမိသူများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။




လောက်ကိုင်ဒေသမှ တရားမဝင် ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသားများအား ပြန်လည်လွှဲပြောင်းပေးအပ်နေမှုကိုတွေ့ရစဉ်။



မြဝတီမြို့နယ် KK Park နယ်မြေအတွင်းရှိ ဗုန်အလိုက်မှ အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးပြီးစီးမှုများကို တွေ့မြင်ရစဉ်။








ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ဖော်ထုတ်ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။





ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ဖော်ထုတ်ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်းသို့ ရောက်ရှိနေသည့် စိစစ်ဆဲ နိုင်ငံခြားသားများ ဖော်ထုတ်ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

✻ စာမျက်နှာ ၁၂ မှ

၄၈၇ လုံးကိုလည်း ဆက်လက်ဖြိုချရှင်းလင်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ရာတွင် ယာဉ်ယန္တရားများဖြင့် စနစ်တကျဖြိုချဖျက်ဆီးခြင်း၊ အဆင့်မြင့်နည်းပညာသုံး မိုင်းဖောက်ခွဲဖျက်ဆီးခြင်းနည်းပညာ အသုံးပြု၍ စနစ်တကျ ဖောက်ခွဲဖျက်ဆီးခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် တစ်ဖက်နိုင်ငံနှင့် နီးကပ်နေသည့်နေရာဖြစ်သဖြင့် အဆောက်အအုံအပျက်အစီး အပိုင်းအစများ တစ်ဖက်နိုင်ငံအတွင်းသို့ ကျရောက်မှုမရှိစေရေး စနစ်တကျ ဆောင်ရွက်ခဲ့ကြောင်း Video မှတ်တမ်းများအရ တွေ့ရှိနိုင်သည်။ တစ်ဖက်နိုင်ငံက ကန့်ကွက်ခဲ့သည့်အတွက်လည်း ဖောက်ခွဲဖျက်ဆီးမှု Video မှတ်တမ်းဖိုင်များကို ၎င်းနိုင်ငံသို့ တရားဝင် မှတ်တမ်းပေးပို့ခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ဖော်ထုတ်ဖမ်းဆီးရမိသူများသည် မြန်မာနိုင်ငံအတွင်းသို့ အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသူများ ဖြစ်သော်လည်း လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားဥပဒေနှင့်အညီ စစ်ဆေး၍ သက်ဆိုင်ရာနိုင်ငံများသို့ပြန်လည်လွှဲပြောင်း ပေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၅ ရက်မှ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့အထိ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် နိုင်ငံပေါင်း ၅၂ နိုင်ငံမှ နိုင်ငံခြားသား စုစုပေါင်း ၆၈၀၀၉ ဦးကို သက်ဆိုင်ရာနိုင်ငံများအလိုက် ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

ယနေ့နံနက်ပိုင်းတွင် ရွှေကုက္ကိုလ်နယ်မြေအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်း စစ်ဆေးရေးအဖွဲ့များ ဝင်ရောက်စစ်ဆေးစဉ်တွင်လည်း တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပြီး ပိတ်ဆို့ဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ယနေ့ ရွှေကုက္ကိုလ်နယ်မြေအတွင်း ရှင်းလင်းဖော်ထုတ်မှုများ ဆောင်ရွက်စဉ် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသည့်အဆောက်အအုံ သုံးခုအတွင်းမှ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် စိစစ်ဆဲ နိုင်ငံခြားသား ၃၄၆ ဦးနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းအများအပြားကိုလည်း စိစစ်တွေ့ရှိဖမ်းဆီးရရှိခဲ့ပြီး ဆက်လက်ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ခဲ့ကြသူများ အနေဖြင့် မြန်မာနိုင်ငံအတွင်း နယ်မြေဒေသ မတည်ငြိမ်မှုကြောင့် တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အပြည့်အဝ စိုးမိုးအုပ်ချုပ်ရန် အခက်အခဲနှင့် ကန့်သတ်ချက်များစွာ ရှိသည့်ဒေသများ၌ အခွင့်ကောင်းရယူ၍ ဒုစရိုက်လုပ်ငန်းများ ကျူးလွန်ပြီး ကိုယ်ကျိုးစီးပွားရှာခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့ ပစ်မှတ်ထား ဆောင်ရွက်ခဲ့ကြသည့် မြဝတီ-မဲ့ထော်သလေး KK Park နယ်မြေ၊ ရွှေကုက္ကိုလ်နယ်မြေနှင့် ကျောက်ခတ်နယ်မြေတို့သည် KNLA၊ KNU ကရင်လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများ၊ NCA လက်မှတ်ရေးထိုးထားသည့် ကရင်လက်နက်ကိုင်အဖွဲ့များနှင့် နယ်ခြားစောင့်တပ်များ လှုပ်ရှားရာ နယ်မြေဒေသဖြစ်ပြီး အဆိုပါလက်နက်ကိုင် အဖွဲ့အစည်းများ အပေါ် ကိုယ်ကျိုးစီးပွားရှာသူများမှ နည်းမျိုးစုံသုံးချဉ်းကပ်လျက် အခြေခံ အဆောက်အအုံများနှင့် ရင်းနှီးမြှုပ်နှံမှုများကို လာရောက်ရင်းနှီးမြှုပ်နှံထားခြင်းများ ဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့အပြင် ၎င်းနေရာများ၌ လူနေထိုင်နိုင်ရန် လိုအပ်သည့် ရေ၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးနှင့် အခြားအခြေခံ အချက်အလက်များကို လည်း တစ်ဖက်နိုင်ငံမှ ရယူခဲ့သည်ကို တွေ့ရှိရသည်။ လက်ရှိအခြေအနေတွင် KK Park နယ်မြေအား ရှင်းလင်းခြင်းများကို ဆောင်ရွက်ခဲ့ပြီး ရွှေကုက္ကိုလ်နယ်မြေ၊ ကျောက်ခတ်နယ်မြေနှင့် အခြားဒေသများ၌လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် အပြည့်အဝလုံခြုံရေးရယူပြီး ဆက်လက်ဖော်ထုတ် ရှင်းလင်းခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်မှုများကို ဖော်ထုတ်တွေ့ရှိရပါက ထိရောက်စွာ အရေးယူ အမြစ်ပြတ် နှိမ်နင်းချေမှုန်းသွားမည်ဖြစ်သည်။

## ပြတ်သားစွာ ချေမှုန်းသွားမည်

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်မှုများကို နိုင်ငံတကာနှင့်ပူးပေါင်း၍ တင်းတင်းကျပ်ကျပ် ပြတ်ပြတ်သားသား ကိုင်တွယ်ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း ပိုင်နက်နယ်မြေကို အသုံးချ၍ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာအပေါ် ရာဇဝတ်မှုများကျူးလွန်နေမှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားထားရှိပြီးဖြစ်သည်။ မကြာမီ ရက်ပိုင်းအတွင်း သွားရောက်ခဲ့သည့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် ခရီးစဉ်များတွင်လည်း ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူလူထုများနှင့် တွေ့ဆုံစဉ် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်မှုများကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် တိုက်ဖျက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆက်လက်၍လည်း ပြတ်သားစွာ ချေမှုန်းသွားမည် ဖြစ်ကြောင်း အတိအလင်း ပြောကြားခဲ့ပြီးဖြစ်သည်။



မြဝတီမြို့နယ် KK Park နယ်မြေအတွင်းရှိ ဇုန်အလိုက်မှ အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးပြီးစီးမှုများကို တွေ့မြင်ရစဉ်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို မြန်မာနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက် နှိမ်နင်းသွားမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပသည့် တရုတ်-မြန်မာ-ထိုင်း- ကမ္ဘောဒီးယား-လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်သည့် အွန်လိုင်းလိမ်လည်မှုများ ပူးပေါင်းတိုက်ဖျက်ရေး အစည်းအဝေးတွင် ပါဝင်သည့် နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း ထိထိရောက်ရောက် တားဆီးနှိမ်နင်းသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံသူနိုင်ငံသားများ အနေဖြင့်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်မှုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိပါက သက်ဆိုင်ရာသို့ ပေးပို့ခြင်းဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ ပူးပေါင်းပါဝင်တိုက်ဖျက်သွားကြပါရန် သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်



သာပေါင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးစကောင်းပြည့်လင်း ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့တို့ နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် သာပေါင်းမြို့နယ်အတွင်းရှိစက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောစဉ်။ ရေဦးသာ



ရောဝတီတိုင်း ဒေသကြီး မြောင်းမြမြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၌ ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းနိုင်ဦး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက စာသင်ကျောင်းအတွင်း လက်တွေ့ မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်စဉ်။

ဇေယျာ(မြောင်းမြ)

## ❍ ရခိုင်ပြည်နယ်မှ

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးတွဲစစ်ဆင်ရေးများကို ဆောင်ရွက်ခြင်းများကြောင့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သူများသည် ပင်လယ်ရေကြောင်း၏ အားသာချက်ကို အသုံးချကာ ရေလမ်းကြောင်းအား ပြောင်းလဲအသုံးပြုလာသည်ကို တွေ့ရှိရသည်။

AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ်မှုများ ပြုလုပ်ကာ ရရှိသည့်ငွေကြေးများဖြင့် လက်နက်၊ ခဲယမ်းများ ဝယ်ယူ၍ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ခြင်း၊ လက်နက်အားကိုးဖြင့် အပြစ်မဲ့ပြည်သူများအပေါ် အနိုင်ကျင့် နှိပ်စက် သတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။ သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သတင်းရယူဖော်ထုတ်ချက်များအရ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၅ ရက် ညပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် (၁)ရပ်ကွက် ဆင်အိုးဖိုရပ် ကမ်းနားလမ်း ဂိုဒေါင်အမှတ်(၁၉)၌ မြေအောက်ခန်းအတွင်း သိုဝှက်ထိန်းသိမ်းထားသည့် ရခိုင်ပြည်နယ်နှင့် မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် အိုက်စ်(ICE)မူးယစ်ဆေးဝါး ကီလိုဂရမ် ၄၀၀၀ (တန်ဖိုးငွေကျပ် ဘီလီယံ ၁၂၀ ခန့်)နှင့်အတူ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေးတာဝန်ခံ ခင်ထွန်းနှင့် ပုသိမ်မြို့၌ မူးယစ်ဆေးဝါးများ ထိန်းသိမ်းပေးသူ လမင်းခန့်တို့ နှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ နှစ်ဦး၏ ဖော်ထုတ်ချက်အရ နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ဆက်စပ်တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ဇော်ဂျီလမ်းရှိ “ရွှေလမင်း”ဆေးရုံ၌ တရားခံ နိုင်လင်းအားလည်းကောင်း၊ ပုသိမ်မြို့နယ်(၉)ရပ်ကွက် ထင်းပုံဆိပ်ကျေးရွာ၌ တရားခံ ဇော်မင်းထွန်း(ခ)ညီပုအားလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မအိုင်ကျေးရွာအုပ်စု “ကောင်းကောင်း” ကဏန်းမွေးမြူရေးကန် အရှေ့ရေပြင်၌ မူးယစ်ဆေးဝါးပို့ဆောင်ရာတွင်အသုံးပြုသည့် “MV ရွှေလက်ဝါး” ကုန်တင်သင်္ဘော တစ်စင်းနှင့်အတူ လှေလုပ်သားများဖြစ်ကြသည့် မောင်စိုး(ပဲ့နင်း)၊ ခင်ဝင်း၊ အောင်ဆန်းဦး၊ အောင်ဇင်လတ်၊ ဝင်းနိုင်၊ အောင်လင်း၊ ကျော်မင်းလတ်၊ ဟိန်းမင်းသူ၊ ကျော်ကိုကိုထွေး၊ သန်းထိုက်ဦးတို့ ၁၀ ဦးအားလည်းကောင်း၊ ယင်းနေ့ညနေပိုင်းတွင် ချောင်းသာမြို့ အမှတ်(၃)ရပ်ကွက်၌ တရားခံ ဝင်းဝင်းထွန်း (ခ)ဝင်းထွန်းအားလည်းကောင်း၊ ချောင်းသာမြို့ အမှတ်(၂)ရပ်ကွက် မြပုလဲသွယ်လမ်း၌ တရားခံ အောင်မျိုးဝင်း(ခ) မင်းသားကြီးအားလည်းကောင်း၊ ပုသိမ်မြို့နယ် သလပ်ခွာကျေးရွာအုပ်စု မော်တော်ကုန်းကျေးရွာ၌ တရားခံ အာဆာ(ခ)ဝတုတ်အားလည်းကောင်း၊ ယင်းနေ့ညပိုင်းတွင် မြိတ်မြို့ နောက်လယ်ရပ်ကွက် ပိတောက်ရွှေဝါလမ်းရှိ ဘောဇဝတီဆန်ဆိုင်တွင် မူးယစ်ဆေးဝါးများ ထိန်းသိမ်းပေးသူ တရားခံ ဒိုရာစတီဗင် အားလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။


ဆက်လက်၍ နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် ဆိပ်ကြီးခနောင်တိုဆိပ်ကမ်း၌ လွန်းတင်ထားသော မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် အသုံးပြုသည့် “MV ရွှေဝတီ” ကုန်တင်သင်္ဘောတစ်စင်း အားလည်းကောင်း၊ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ မူးယစ်ဆေးဝါးများအား ပုသိမ်မြို့မှ မလေးရှားနိုင်ငံသို့ ပို့ဆောင်ခိုင်းသူ “ဘောဇဝတီ” ဆန်လုပ်ငန်းနှင့် “Utopia Future” အိမ်ခြံမြေရောင်းဝယ်ရေး လုပ်ငန်းတို့အား ဟန်ပြလုပ်ကိုင်နေသော တရားခံ မောင်ငယ် အားလည်းကောင်း၊ နိုဝင်ဘာ ၈ ရက် ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ အမှတ်(၂)ရပ်ကွက် အင်ကြင်းလမ်း၌ မူးယစ်ဆေးဝါးပို့ဆောင်ရာတွင်ပါဝင်ခဲ့သူ လှေလုပ်သား အောင်စိုးလင်းနှင့် အောင်ကိုလင်းတို့ ညီအစ်ကို နှစ်ဦးအားလည်းကောင်း၊ နိုဝင်ဘာ ၉ ရက် ညနေပိုင်းတွင် မြိတ်မြို့ နောက်လယ်ရပ်ကွက် ပိတောက်ရွှေဝါလမ်းရှိ “ဘောဇဝတီ” ဆန်ဆိုင်အနီးတွင် တရားခံ ထွန်းထွန်းလင်းအားလည်းကောင်း ထပ်မံ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သတင်းဖော်ထုတ်ချက်အရ နိုဝင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် မူးယစ်ဆေးဝါးများ ပို့ဆောင်ရန် စေခိုင်းသူ ကွင်းဆက်တရားခံ အားဝေ(ခ)ရှောက်ထန်(ခ)သန်းမောင်(ဖမ်းဆီးရန်ကျန်)၏ အိမ်အမှတ်(၉/၄၇၀) ရတနာလမ်းသွယ်(၈) ဝမ်ကောင်းရပ်ကွက် တာချီလိတ်မြို့နေအိမ်အား သွားရောက်ရှာဖွေရာ နေအိမ်အတွင်းမှ အမေရိကန်နိုင်ငံထုတ် M-4,A-1 သေနတ်တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ ၅ ဒသမ ၅၆ ကျည် ၂၆ တောင့်၊ အီတလီနိုင်ငံထုတ် BERETTA အမျိုးအစား ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ အမေရိကန်နိုင်ငံထုတ် SIG SAUER အမျိုးအစား ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ် နှစ်ခုတို့အားလည်းကောင်း၊ နိုဝင်ဘာ ၁၆ ရက်တွင် ကျောင်းကုန်းမြို့နယ် (၁)ရပ်ကွက် ဌာနလမ်း၌ တရားခံ ဒိုရာမေဇစ်နှင့် ပုသိမ်မြို့ (၃)ရပ်ကွက် မြကျွန်းသာအိမ်ရာရှိ ရွှေမင်းသမီးဟိုတယ်၌ တရားခံ ပီတာဖိုးတို့ နှစ်ဦးအား ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ဖြစ်စဉ်တွင် တရားခံ ကျား ၂၄ ဦး၊ M-4,A-1 သေနတ်တစ်လက်၊ ပစ္စတို နှစ်လက်၊ ကုန်တင်သင်္ဘော နှစ်စင်းတို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များအရ တာချီလိတ်မြို့နေ အားဝေ(ခ)ရှောက်ထန် (ခ)သန်းမောင်(ဖမ်းဆီးရန်ကျန်)နှင့် ဝမ်ဟိုင်းကျေးရွာနေ တာကော (ဖမ်းဆီးရန်ကျန်)တို့က လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် ဝမ်ဟိုင်းဒေသမှထွက်ရှိသည့် မူးယစ်ဆေးဝါးများအား ဆီဘောက်ဆာယာဉ်များတွင် မူးယစ်ဆေးဝါး သယ်ဆောင်ရန် သီးသန့်ပြုလုပ်ထားသည့် လျှို့ဝှက်အကန့်များအတွင်း၌လည်းကောင်း၊ ကုန်တင်ယာဉ်များတွင် အခြားသော ကုန်ပစ္စည်းများနှင့် ရောနှောပုံဖျက်၍လည်းကောင်း နည်းလမ်းမျိုးစုံဖြင့် ပုသိမ်မြို့သို့ ပို့ဆောင်ပေးခဲ့ရာ ပုသိမ်မြို့ရှိ မောင်ငယ်ပိုင်ဆိုင်သည့် ကမ်းနားလမ်း ဂိုဒေါင်အမှတ်(၁၉)၌ ခေတ္တထိန်းသိမ်းသိုဝှက်၍ မောင်ငယ်နှင့်အဖွဲ့က မလေးရှားနိုင်ငံသို့ လည်းကောင်း၊ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ ထောက်ပံ့ရေးတာဝန်ခံ ခင်ထွန်းနှင့်အဖွဲ့က ရခိုင်ပြည်နယ်သို့လည်းကောင်း ပို့ဆောင်ရန် စီစဉ်လျက်ရှိစဉ် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

စာမျက်နှာ ၁၅ သို့ ❍

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် ပုသိမ်မြို့၊ (၁)ရက်ကွက်၊ ကမ်းနားလမ်း၊ ဂိုဒေါင်အမှတ်(၁၉)၌ မလေးရှားနိုင်ငံသို့ ပို့ဆောင်ရန် သိုလှောင်ထားရှိသည့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိဖြစ်စဉ်မှ ကွင်းဆက်တရားခံများ အခြေပြဇယား





မူးယစ်ဆေးဝါးများသိမ်းဆည်းရမိသည့် ဂိုဒေါင်၏မှတ်တမ်းဓာတ်ပုံ။



ဂိုဒေါင်မြေအောက်ခန်းအတွင်းမှ သိမ်းဆည်းရမိမူးယစ်ဆေးဝါးများ မှတ်တမ်းဓာတ်ပုံ။





ကျွန်းစုမြို့နယ် မအိုင်ကျေးရွာအုပ်စု“ကောင်းကောင်း” ကဏန်းမွေးမြူရေးကန်အရှေ့ရေပြင်၌ မူးယစ်ဆေးဝါးများ မလေးရှားနိုင်ငံသို့ ပို့ဆောင်ရာတွင် အသုံးပြုသည့် သိမ်းဆည်းရမိ “MV ရွှေလက်ဝါး” ကုန်တင်သင်္ဘောတစ်စင်း၏ မှတ်တမ်းဓာတ်ပုံ။



မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာရှိ မူးယစ်ဆေးဝါးများအား ခေတ္တထိန်းသိမ်းသိုလှောင်ရာတွင် အသုံးပြုသည့် ဆန်ဂိုဒေါင်၏ မှတ်တမ်းဓာတ်ပုံ။



တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ အားဝေ(ခ)ရှောက်ထန် (ခ)သန်းမောင်(ဖမ်းဆီးရန်ကျန်)၏နေအိမ်မှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအားအရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုကိုပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက် စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**နာကျင်ဒဏ်ရာများရရှိ**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၃ ရက် ည ၁၀ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရုံးအကူ ကိုဘိုဘိုထွန်း (၂၄)နှစ်သည် ဈေးရပ်ကွက်ရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှ ရုံးလုပ်ငန်းများ ဆောင်ရွက်ပြီး နေအိမ်သို့ဆိုင်ကယ်ဖြင့် ပြန်လာစဉ် မီးပွိုင့်လမ်းဆုံအရောက်၌ ဈေးရပ်ကွက်နေ ထွန်းမင်းလတ် (၄၉)နှစ် မောင်းနှင်လာသည့် ဆိုင်ကယ်ဖြင့် တိုက်မိမည့် အခြေအနေဖြစ်ပွားခဲ့ရာ ထွန်းမင်းလတ်က လက်သီးဖြင့် ထိုးခဲ့သဖြင့် ကိုဘိုဘိုထွန်းတွင် နာကျင်ဒဏ်ရာများ ရရှိခဲ့သောကြောင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ရုံးအကူ ကိုဘိုဘိုထွန်းအား ယင်း၏ တာဝန်ဝတ္တရားများ မထမ်းဆောင်နိုင်အောင် နာကျင်အောင် ပြုလုပ်ခဲ့သူ ထွန်းမင်းလတ်အား နိုဝင်ဘာ ၁၅ ရက်တွင် အုတ်တွင်းမြို့မရဲစခန်း (ပ)၁၁၀/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အနောက်ဘက်ကျေးရွာ၌ ပြည်ခိုင်ဖြိုးပါတီမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးကျော်တိုး ဦးဆောင်သည့် အဖွဲ့သည် ကျေးရွာနေပြည်သူများအား မဲဆွယ်စည်းရုံး ဟောပြောခြင်းများ ကွင်းဆင်းဆောင်ရွက်ရာ၌ အဆိုပါ ကျေးရွာနေ ဝင်းဦး(ခ) ဘက်ဟိုး (၄၂)နှစ်သည် လွှတ်တော်ကိုယ်စားလှယ်များ ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးခြင်း မပြုလုပ်နိုင်စေရန်အတွက် ကျေးရွာနေပြည်သူများအား လိုက်လံဖိတ်ကြားခြင်း ပြုလုပ်နေသည့် ပြည်ခိုင်ဖြိုးပါတီမှ ရပ်/ကျေးအမှုဆောင် ဒေါ်အမာစိန် (၅၂)နှစ်အား ဓားဖြင့်ခုတ်ခဲ့သဖြင့် ဒေါ်အမာစိန်တွင် ထိခိုက်ဒဏ်ရာ ရရှိခဲ့သောကြောင့် ဝင်းဦး(ခ) ဘက်ဟိုးအား ရွှေကျင်မြို့မရဲစခန်း(ပ)၄၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း အမှုဖွင့်ဖမ်းဆီးပြီး ထိရောက် ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၉ ရက် ည ၁၁ နာရီခွဲခန့်တွင် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ပျိုးခင်းကုန်းကျေးရွာနေ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းညွန့် (၅၈)နှစ်သည် နေအိမ်၌ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားအင်အား ၅၀ ခန့်က ဆိုင်ကယ်များဖြင့် ရောက်ရှိလာပြီး ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအား ဖွင့်ခိုင်းကာ အဆိုပါရုံးအတွင်းထားရှိသည့် ပထမအကြိမ် မဲစာရင်း စာရွက်စာတမ်းများနှင့် ဦးဝင်းညွန့် ကိုင်ဆောင်သည့် လက်ကိုင်ဖုန်း တစ်လုံးတို့အား လုယက်ယူဆောင်ကာ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများမပြုလုပ်ရန် ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် အဆိုပါ အကြမ်းဖက်သမားများအား နိုဝင်ဘာ ၁၀ ရက်တွင် စလင်းမြို့မရဲစခန်း (ပ)၁၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(ခ)/ ၂၆(ခ)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် စစ်ကုန်းကျေးရွာနေ အခြေခံပညာမူလတန်းကျောင်း ဒုတိယကျောင်းအုပ် ဆရာမကြီးဖြစ်သူ ဒေါ်မို့မို့ခိုင်သည် နေအိမ်၌ရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမား ရှစ်ဦးရောက်ရှိလာပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရန် ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် အဆိုပါ အကြမ်းဖက်သမားများအား နိုဝင်ဘာ ၁၅ ရက်တွင် ကြို့ပင်ကောက် မြို့မရဲစခန်း (ပ)၁၉၀/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)/(ခ) ဖြင့် လည်းကောင်း။

**ခြိမ်းခြောက်ပြောဆို**

အလားတူ နိုဝင်ဘာ ၁၂ ရက်တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ညောင်ထောက် ကျေးရွာသို့ စောအောင်မြင့်မြတ် (၂၀)နှစ် ဦးဆောင်သည့် KNU အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများရောက်ရှိလာပြီး ရွာသူရွာသားများအား ခေါ်ယူတွေ့ဆုံကာ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ၌ ဆန္ဒမဲမပေးကြရန် ခြိမ်းခြောက်ပြောဆိုခဲ့သောကြောင့် စောအောင်မြင့်မြတ် ဦးဆောင်သည့် KNU အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား နိုဝင်ဘာ ၁၂ ရက်တွင် ဘီးလင်းမြို့မရဲစခန်း(ပ)၃၂၀/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(ခ)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် တံတားမြို့ အမှတ်(၄)ရပ်ကွက် အနော်ရထာလမ်းထိပ်၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေးဆိုင်းဘုတ်အား ဆုတ်ဖြဲဖျက်ဆီးခြင်းခံခဲ့ရသဖြင့် ဖျက်ဆီးသွားသူ (စုံစမ်းဆဲ)အား နိုဝင်ဘာ ၁၂ ရက်တွင် တံတားနယ်မြေရဲစခန်း (ပ)၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၂ ရက် ညနေ ၅ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် စောရန်ပိုင် အရှေ့ရပ်ကွက်နေ ပြည်သူ့ရှေ့ဆောင်ပါတီ (PPP) မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးနန္ဒမျိုးအောင်သည် နေအိမ်၌ရှိနေစဉ် ၎င်းနေအိမ်ရှေ့ သစ်တောလမ်းပေါ်မှ အမျိုးသားတစ်ဦး (စိစစ်ဆဲ)က PPP ကို မဲမပေးပါနဲ့ဟု အော်ဟစ်ပြောဆိုခဲ့သဖြင့် လွှတ်တော် ကိုယ်စားလှယ်လောင်းအား ဥပဒေနှင့်အညီ မဲဆွယ်စည်းရုံးခြင်း မပြုလုပ်နိုင်စေရန် နှောင့်ယှက်ဟန့်တားခဲ့သည့် အမျိုးသားတစ်ဦး(စိစစ်ဆဲ)အား နိုဝင်ဘာ ၁၂ ရက်တွင် အလုံမြို့မရဲစခန်း (ပ) ၂၇၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပလိပ်ကျေးရွာ မြွေဘုရားသွား လမ်းထိပ်၌ ပြည်ခိုင်ဖြိုးပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း လေးဦး၏ မဲဆွယ်စည်းရုံးရေးအတွက် စိုက်ထူထားသည့် ဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသောကြောင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား နိုဝင်ဘာ ၁၄ ရက်တွင် ပလိပ်နယ်မြေရဲစခန်း (ပ)၃၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဆပ်ကွင်းကျေးရွာဘုန်းကြီးကျောင်းအနီး ပြည်သူ့ရှေ့ဆောင်ပါတီ (PPP)မှ လွှတ်တော်ကိုယ်စားလှယ်လောင်း၏ မဲဆွယ်စည်းရုံးရေးအတွက် စိုက်ထူထားသည့် ဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသောကြောင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ) အား နိုဝင်ဘာ ၁၃ ရက်တွင် ကန်ကြီးထောင့် မြို့မရဲစခန်း (ပ)၁၂၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက် ၁၂၆ လမ်းနှင့် ၅၇ လမ်းထောင့်၌ စိုက်ထူထားသည့် ပြည်သူ့ပါတီ၏ မဲဆွယ်စည်းရုံးရေးဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသောကြောင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား နိုဝင်ဘာ ၁၆ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် စက်မှုနယ်မြေရဲစခန်း(ပ)၁၄၃/၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကလောမြို့နယ် သမဝါယမအသင်းလီမိတက်မှ မိုးစပါးရိတ်သိမ်းမှုအခြေအနေ တာဝန်ရှိသူများကွင်းဆင်းကြည့်ရှု



**ကလော နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ဝါးရုံပင်ကျေးရွာရှိ စီမံကိန်း သီးနှံ(သက်တံ့ရောင်စီမံကိန်း) စိုက်ပျိုးလျက်ရှိသည့် ရွှေရင်အေး မျိုးစေ့ထုတ်လုပ်ရေး လုပ်ငန်း သမဝါယမအသင်းလီမိတက်၏ (GW – 11) မိုးစပါးရိတ်သိမ်းနေမှုကို ယမန်နေ့ မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

**လမ်းညွှန်မှာကြား**

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက (GW – 11) မိုးစပါးရိတ်သိမ်းနေသည့် ရွှေရင်အေးမျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စပါးရိတ်သိမ်းနေသည့် အခြေအနေများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ရာ တစ်ကေလျှင်ပျမ်းမျှ တင်း ၁၃၀ ထွက်ရှိကြောင်း၊ အသင်းမှ လိုအပ်သည့် ငွေကြေးအရင်းအနှီးနှင့် ဈေးကွက်ပိုမိုရရှိစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပြီး သမဝါယမကဏ္ဍမှ စီမံကိန်း သီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ကြိတ်ခွဲဖြန့်ဖြူးမှု လုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ကလော)**




ပြင်ဦးလွင်ခရိုင်/ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့နှင့် ပြင်ဦးလွင်မြို့ မြို့မိ/မြို့ဖအဖွဲ့တို့ ပူးပေါင်း၍ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၃) နာရီစင်အနီးရှိ အောင်စံပယ်ရွှေဆိုင်ဝင်ရောက်လုယက်ခံရမှုတွင် တရားခံကို ဝိုင်းဝန်းဖမ်းဆီးဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို နိုဝင်ဘာ ၁၆ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးက တရားခံကို ဝိုင်းဝန်းဖမ်းဆီး ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။ ခရိုင်(ပြန်/ဆက်)

❍ စာမျက်နှာ ၁၄ မှ

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖမ်းဆီးရန်ကျန် တရားခံများနှင့် ဆက်စပ်တရားခံများအား ဖမ်းဆီးဖော်ထုတ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါး သယ်ဆောင်သည့် သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

- ❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- ❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာ ပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# မွန်တိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၈

**မွန်တိုးတက်ရေးပါတီ အထွေထွေအတွင်းရေးမှူး မင်းထွန်းလွင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



**မင်္ဂလာပါခင်ဗျာ...**

လေးစားအပ်တဲ့ မဲဆန္ဒရှင် မိဘပြည်သူ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်တိုးတက်ရေးပါတီရဲ့ အထွေထွေအတွင်းရေးမှူး မင်းထွန်းလွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်တိုးတက်ရေးပါတီရဲ့ မူဝါဒလုပ်ငန်းစဉ်တွေကို တင်ပြသွားမှာ ဖြစ်ပါတယ်။

မွန်တိုးတက်ရေးပါတီဟာ ၂၀၂၃ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ကရင်ပြည်နယ်အတွင်းမှာ လှုပ်ရှားဆောင်ရွက်တဲ့ မွန်တိုင်းရင်းသားကိုယ်စားပြုပါတီအဖြစ် ဖွဲ့စည်းပြီး မှတ်ပုံတင်ခွင့်လျှောက်ထားခဲ့ရာမှာ ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှာ မှတ်ပုံတင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ ဖွဲ့စည်းစပါတီတစ်ရပ်ဖြစ်တဲ့အလျောက် လာမယ့် ဒီဇင်ဘာလ(၂၈)ရက်နေ့မှာ ကျင်းပမယ့် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ ကျွန်တော်တို့ မွန်တိုးတက်ရေးပါတီအနေနဲ့ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ မဲဆန္ဒနယ်အသီးသီးကနေ ကိုယ်စားလှယ်လောင်း သုံးဦးသာ ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံရေးပါတီတွေအနေနဲ့ ပါတီရဲ့ နိုင်ငံရေးရပ်တည်ချက်နဲ့ မူဝါဒလုပ်ငန်းစဉ်တွေနဲ့အညီ နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးသယ်ပိုးနိုင်ခွင့်ရနိုင်ဖို့ရာ မဲဆန္ဒရှင်ပြည်သူလူထုရဲ့ ရွေးချယ်အပ်နှင်းမှုက အဓိကအကျဆုံးဖြစ်တဲ့အတွက် ကျွန်တော်တို့ပါတီရဲ့ ဖြစ်တည်မှုနဲ့ ထားရှိတဲ့ နိုင်ငံရေးရည်မှန်းချက်၊ မူဝါဒလုပ်ငန်းစဉ်တွေကို မိဘပြည်သူတွေ သိရှိအောင် အကျဉ်းချုပ်တင်ပြလိုပါတယ်။

မွန်တိုးတက်ရေးပါတီဟာ တိုင်းရင်းသားကိုယ်စားပြု နိုင်ငံရေးပါတီဖြစ်ပြီး ကရင်ပြည်နယ်အတွင်းမှာသာ လှုပ်ရှားဆောင်ရွက်တဲ့ ပါတီငယ်တစ်ရပ်ဖြစ်ပေမယ့်လည်း စုံလင်ကွဲပြားမှုတွေနဲ့ တည်ဆောက်ထားတဲ့ ပြည်ထောင်စုကြီးမှာ ပြည်သူတွေ လိုလားတောင့်တတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်သွားမယ့် နိုင်ငံရေးဖြစ်စဉ်မှာ အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်အားဖြည့်နိုင်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်။

**မိဘပြည်သူများနဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမအပေါင်းတို့ခင်ဗျာ**

ဒီပစ္စုပ္ပန်ကာလ နိုင်ငံရေးအကျပ်အတည်းတွေ၊ ပဋိပက္ခတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့အချိန်မှာ ကျင်းပမယ့် ရွေးကောက်ပွဲအပေါ် ထင်မြင်ချက် ယူဆချက် အမျိုးမျိုး၊ တုံ့ပြန်မှုအမျိုးမျိုး ရှိနေကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မွန်တိုးတက်ရေးပါတီအနေနဲ့က ကြုံတွေ့ရတဲ့ နိုင်ငံရေးလောကခံတွေကို နိုင်ငံနဲ့ ပြည်သူလူထု ထိခိုက်မှုအနည်းဆုံးဖြစ်အောင် နည်းလမ်းရှာပြီး ရင်ဆိုင်ကျော်လွှားသွားရမှာပဲလို့ ယုံကြည်ထားပါတယ်။

**မွန်တိုးတက်ရေးပါတီအနေနဲ့ ပါတီရဲ့မူဝါဒဖြစ်တဲ့**

ပါတီစုံဒီမိုကရေစီစနစ် အခြေတည်ခိုင်မာလာစေရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားတို့နှင့် ပြည့်စုံသည့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရန်။

ဒေသတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးတည်ဆောက်ရန်နှင့် နိုင်ငံတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်လာရေးတွင် ပါဝင်ဆောင်ရွက်ရန်။

တိုင်းရင်းသားလူမျိုးစုအားလုံး၏ အစုအဖွဲ့ဆိုင်ရာ ကိုယ်ပိုင်အမှတ်အသား သရုပ်လက္ခဏာများကို အသိအမှတ်ပြုသည့်အပြင် ပြည်သူတစ်ဦးချင်းစီ၏ တိုင်းရင်းသားအခွင့်အရေး၊ နိုင်ငံသားအခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝခံစားခွင့်ရှိသည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ထောင်ရန်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လူ့အခွင့်အရေး အပြည့်အဝရရှိစေရန်နှင့် လွတ်လပ်သော လူမှုဘဝကို ရရှိခံစားနိုင်ကြစေရန်။

အဂတိလိုက်စားမှု ကင်းစင်ပပျောက်ပြီး တရားဥပဒေစိုးမိုးရေး ပီပီပြင်ပြင် ဖြစ်ထွန်းခိုင်မာလာစေရန် စတဲ့ ရည်မှန်းချက်ကို ရောက်ရှိနိုင်ဖို့ ဦးလည်မသုန် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မွန်တိုးတက်ရေးပါတီဟာ ပြည်နယ်အတွင်းမှာ လှုပ်ရှားဆောင်ရွက်တဲ့ ပါတီတစ်ရပ်ဖြစ်ပေမယ့် ပြည်ထောင်စုတစ်ခုလုံးရဲ့အကျိုးကို အာရုံစိုက်ပြီး အားလုံးနဲ့ သဟဇာတဖြစ်မယ့် မူဝါဒ လုပ်ငန်းစဉ်တွေ ရေးဆွဲအကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်နဲ့ မဲဆန္ဒရှင်ပြည်သူတွေအကျိုးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ကဏ္ဍအသီးသီးမှာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံရေးကဏ္ဍမှာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုဖော်ဆောင်ရေး၊ တိုင်းရင်းသားလူနည်းစု အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး စတဲ့အချက်တွေကို ဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။



စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေး၊ပညာရေး၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးနဲ့ လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွေ အတွက် နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သဘာဝဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အထူးသဖြင့် မွန်တိုးတက်ရေးပါတီဟာ တိုင်းရင်းသားပါတီဖြစ်တဲ့အလျောက် တိုင်းရင်းသားကဏ္ဍအနေနဲ့ လိုအပ်တဲ့ဥပဒေ၊ နည်းဥပဒေတွေရေးဆွဲပြီး တိုင်းရင်းသားအခွင့်အရေးတွေ ကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်ဖို့၊ တိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးတမ်း အစဉ်အလာတွေကို အားပေးမြှင့်တင်နိုင်ဖို့ အလေးထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ တင်ပြလိုတာကတော့ မွန်တိုးတက်ရေးပါတီဟာ မြန်မာပြည်တစ်နံတစ်လျားမှာ နေထိုင်ကြတဲ့ မွန်လူမျိုးတွေနဲ့တကွ တိုင်းရင်းသားပြည်သူအားလုံးအတွက် တစ်နိုင်ငံလုံးလွှမ်းခြုံတဲ့ ငြိမ်းချမ်းရေးရရှိနိုင်ရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးမှာရှိတဲ့ တိုင်းရင်းသားသွေးချင်းညီနောင်တွေနဲ့ လက်တွဲဆောင်ရွက်သွားမှာဖြစ်ပြီး အထက်ကတင်ပြခဲ့တဲ့ မူဝါဒလုပ်ငန်းစဉ်တွေကို မဲဆန္ဒရှင်ပြည်သူလူထုရဲ့ အားပေးထောက်ခံမှုနှင့်အတူ ဆိုင်ရာဆိုင်ရာ အင်အားစုတွေနဲ့ အစဉ်တစိုက် လက်တွဲပူးပေါင်း အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ဘယ်လိုရလဒ်ရရှိသည်ဖြစ်စေ မွန်တိုးတက်ရေးပါတီအနေနဲ့ ပါတီရဲ့ မူဝါဒလုပ်ငန်းစဉ်တွေအတိုင်း ပြည်သူလူထုအကျိုး၊ ဒေသအကျိုးနဲ့ နိုင်ငံ့အကျိုးကို ဆက်လက်သယ်ပိုးသွားမှာ ဖြစ်ပါတယ်။

ဘယ်လိုစိန်ခေါ်မှု အခက်အခဲတွေရှိနေပါစေ၊ မိဘပြည်သူများ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများရဲ့ ကောင်းကျိုးအတွက် အစွမ်းရှိသမျှသယ်ပိုးသွားမှာဖြစ်တဲ့အတွက် မွန်တိုးတက်ရေးပါတီကို အားပေးကြပါလို့ တိုက်တွန်းရင်း မိဘပြည်သူအပေါင်း လိုရာဆန္ဒပြည့်ဝကြရပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ကျွန်တော့်ရဲ့ တင်ပြချက်ကို နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျာ...။

## ကျောက်တန်းမြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များ နည်းပြသင်တန်းဖွင့်

ကျောက်တန်း နိုဝင်ဘာ ၁၈

ကျောက်တန်းမြို့နယ် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏လုပ်ငန်းတာဝန်များ မြို့နယ်အဆင့်နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျောက်တန်းမြို့နယ် ရွှေမှော်ဝန်းသာသနာ့ဗိမာန်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်တန်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်က အမှာစကားပြောကြား၍ ခရိုင်ကော်မရှင်အဖွဲ့ဝင် ဒေါ်ခင်အေးညွန့်က ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးထွန်းဝေက မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားပြီး မြို့နယ်အဆင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၏ လုပ်ငန်းတာဝန်များအား ကျောက်တန်းရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်အေးအေးချို ဦးဆောင်သော သင်တန်းနည်းပြများက သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **သန့်ဇင်ထွန်း(ကျောက်တန်း)**

## ကျိုက်လတ်မြို့နယ်၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်ကျောင်းသား ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနေမှုများအား ကြည့်ရှုစစ်ဆေး

ကျိုက်လတ် နိုဝင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးတင်ဆွေဝင်းသည် တက္ကသိုလ်၊ ဒီဂရီကောလိပ်သို့ နေ့သင်တန်းသွားရောက်တက်ကြမည့် တက္ကသိုလ်၊ ကောလိပ်ကျောင်းသား ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနေမှုများကို နိုဝင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက အမှတ်(၅)ရပ်ကွက် (၁၃)လမ်းထိပ် ဗိုလ်ချုပ်လမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ လာရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်အားကစားခန်းမ၌ မြို့နယ်ကော်မရှင် ဦးစီးအရာရှိ ဒေါ်ခင်မိုးကြည်၊ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးကျော်သူရနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ပါတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား တွေ့ဆုံ၍ MEVM မဲပေးစက်နှင့် မဲစာရင်းကိစ္စရပ်များ၊ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မက်မန်းမြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ ရပ်ကွက် / ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ သင်တန်းဖွင့်

မက်မန်း နိုဝင်ဘာ ၁၈

ရှမ်းပြည်နယ် ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မင်းရန်အောင်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်ဦးက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ ဆောင်ရွက်ရမည့် တာဝန်နှင့် လုပ်ပိုင်ခွင့်အခြေအနေ၊ မဲစာရင်းစစ်ဆေးသူနှင့် ထိန်းချုပ်စက်ကိုင်တွယ်သူတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ရွေးကောက်ပွဲအား အောင်မြင်စွာဆောင်ရွက်ရမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းမှာကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၉၂ ဦး တက်ရောက်ပြီး နိုဝင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သိန်းသန်း(ပြန်/ဆက်)**

# (၃၃)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း စင်ကာပူနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၁၈**

စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၃၃)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ စင်ကာပူနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(၃၃)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ၂၇ ရက်အထိ အာဆီယံနိုင်ငံ ၁၀ နိုင်ငံမှ သေနတ်ပစ်အသင်းများဖြင့် ကျင်းပသွားမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲတွင် မြန်မာ့တပ်မတော်မှ ရိုင်ဖယ်အသင်း၊ ကာဘိုင်အသင်း၊ စက်သေနတ်အသင်း၊ ပစ္စတိုအမျိုးသားအသင်းနှင့် ပစ္စတိုအမျိုးသမီးအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အသင်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး သိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ်အားကစားသမား စုစုပေါင်း ၄၂ ဦးတို့ လိုက်ပါသွားကြကြောင်း သိရသည်။

**သတင်းစဉ်**



# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) မအူပင်မြို့နယ်သို့ ရောက်ရှိ လေးအိမ်စုကျေးရွာ၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၁၈**

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လေးအိမ်စုကျေးရွာသို့ရောက်ရှိကြရာ ခရိုင်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။





အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် မအူပင်မြို့နယ် လေးအိမ်စုကျေးရွာ စတုဘုမ္မိက- မဟာသတိပဋ္ဌာန်ကျောင်းတိုက်၌ အခြေပြု၍ လေးအိမ်စုကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၅၂၄ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၆၄ ဦး၊ ခွဲစိတ်ရောဂါ ၃၆ဦး၊ သားဖွားမီးယပ်ရောဂါ ၅၂ ဦး၊ ကလေးရောဂါ ၄၄ ဦး၊ အရိုးရောဂါ ၃၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၇၀၊ မျက်စိရောဂါ ၈၂ ဦး ၊ သွားနှင့်ခံတွင်းရောဂါ ၃၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ခုနစ်ဦး၊ ခါတ်မှန်ရိုက်လူနာ ရှစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ လေးဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလို ကြားသိခဲ့ရပါသည်-

၁။ အရင်တုန်းကတော့ ရောဂါတော်တော်ရှင်းရှင်းပဲ။ နောက်ကျန်ခဲ့တဲ့နှစ်နှစ်လောက်ကျတော့ တစ်နှစ်လုံးလုံးက မူးနေတာ။ ငုတ်တုတ်ပဲအိပ်ရတယ်။ တုံးလုံးလဲအိပ်လို့မရဘူး။ နောက် ဒီကဆရာဝန်တွေနဲ့ပြကြည့်ပြီး သူတို့ကုသပေးတော့ ရောဂါသက်သာပြီး အိပ်လို့ရသွားတယ်။ ခေါင်းမူးတဲ့ဝေဒနာကတော့ တစ်ခါတစ်ရံမှာ ပြန်ဖြစ်တဲ့အတွက်လည်း ပါတယ်။ နောက် နှလုံးခုန်မြန်တဲ့ဝေဒနာလည်းခံစားရတဲ့အတွက်ကြောင့် အခုလာပြတာပါ။ ဆရာဝန်တွေ ပြောတာကတော့ နှလုံးကြီးတယ်လို့ ပြောတယ်။ အဲဒီရောဂါကြောင့် လေလည်းဖြတ်နိုင်တယ်။ ဒါ့အပြင် အခြားရောဂါတွေလည်း ဖြစ်တတ်တယ်လို့ပြောတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ ဒီဆေးတွေကို အပြတ်မခံဘဲ ဝယ်သောက်နေရပါတယ်။ အခုလို နယ်လှည့်ဆေးကုအဖွဲ့တွေလာရောက် ကုသတဲ့အချိန်မှာ လာပြတာက ဆေးကုသစရိတ်လည်းမကုန်ဘူး။ ဆေးတွေလုံလုံလောက်လောက်လည်းပေးပါတယ်။ အခုလို ဆေးလာရောက်ကုသပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ အခုလိုလာရောက် လှည့်လည် ဆေးကုပေးတဲ့အတွက် ဝမ်းလည်းဝမ်းသာပါတယ်။ ဒေသခံပြည်သူတွေလည်း အခမဲ့ဆေးကုသခွင့်ရတဲ့အတွက်ကြောင့် အခုလို စီစဉ်ပေးတဲ့နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေနဲ့ ဆေးကုသပေးတဲ့သူတွေအားလုံးကို ကျေးဇူးလည်းတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။

၂။ အထွေထွေမူးတာပေါ့။ ကျီးပေါင်းဖြစ်ဖူးလို့ မူးလို့အဲဒါလာပြတာ။ ဆေးက အရင်တုံးကသောက်တယ်ပေါ့။ အခုကဖြတ်လိုက်တော့ ဆရာကြီးက စွဲသောက်ရမယ့်ဆေးကို ညွှန်ပြလိုက်တယ်ပေါ့နော်။ သေသေချာချာလည်း မေးတယ်။ တချို့ဆိုလို့ရှိရင် ကျန်းမာရေးမကောင်းဘူး။ ကိုယ်ကဆေးခန်းပြချင်တာတောင်မှ ငွေရေးကြေးရေးအခက်အခဲ အခုကမလွယ်ဘူးလေ။ တစ်ခေါက်တစ်ခေါက် ခရီးစရိတ်ကအစ မလွယ်တဲ့အခါကျတော့ သွားရတာ အဆင်မပြေဘူး။ အခုလိုမျိုး လာရောက်တဲ့အခါကျတော့ ငွေရေးကြေးရေးအတွက်ဘာမှမပူရဘူး။ အကုန်လုံးအဆင်ပြေတယ်ပေါ့နော်။ အခုလိုမျိုး နယ်လှည့် ဆေးကုသရေးအဖွဲ့ကို စေလွှတ်ပေးတဲ့ တာဝန်ရှိတဲ့အကြီးအကဲတွေကိုရော၊ လာရောက်ပြီးကုသပေးတဲ့ ဆရာတွေအကုန်လုံးရော၊ တာဝန်ရှိသူအကုန်လုံး အားလုံးကို ကျေးဇူးတင်ပါတယ်လို့ ပြည်သူလူထုတွေရဲ့ ကိုယ်စားရော၊ ဝန်ထမ်းတွေရဲ့ကိုယ်စားရော အားလုံးကိုကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**

# တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဟိုင်းကြီးကျွန်းမြို့သို့ ရောက်ရှိ ကျောင်းကျန်းမာရေး ပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေး စစ်ဆေးခြင်းများ စတင်ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့သို့ ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် ဟိုင်းကြီးကျွန်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေး ပညာပေးဟောပြောခြင်းနှင့် ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်းများ စတင်ဆောင်ရွက်ပေးကြသည်။

ဦးစွာ တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့မှ ကလေးရောဂါကုပါရဂူက တစ်သက်တာကျန်းမာရေး၊ တစ်ကိုယ်ရေကျန်းမာရေးနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ဟောပြောဆွေးနွေးသည်။ ထို့နောက် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျောင်းသား ကျောင်းသူ ၁၅၀ တို့အား ကျောင်းကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြသည်။ ထို့ပြင် တာဝန်ရှိသူများက ဟိုင်းကြီးကျွန်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေများ၊ ကျောင်းသား ကျောင်းသူများအတွက် သန်ချဆေးနှင့် အားဆေးများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ညောင်တုန်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် တွေ့ဆုံ

ညောင်တုန်း နိုဝင်ဘာ ၁၈

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးတင်ဆွေဝင်းနှင့်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် တွေ့ဆုံ၍ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အသိပညာပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အခြေခံ မဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာကိစ္စရပ်များ၊ မဲပေးစက် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။ ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတာဝန်ရှိသူများက ရွေးကောက်ပွဲအတွက် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က လိုအပ်သည်များ မှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေးစက်များ ထားရှိမည့်နေရာအား ကြည့်ရှုစစ်ဆေး၍ အမှတ်(၂) ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်တို့တွင် တက်ရောက်မည့် ကျောင်းသားကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရေးမြို့နယ်၌ လူထုတွေ့ဆုံပွဲနှင့်မဲပေးစက် အသုံးပြုနည်း သရုပ်ပြခြင်းအခမ်းအနားကျင်းပ

ရေး နိုဝင်ဘာ ၁၈

မွန်ပြည်နယ် ရေးမြို့နယ်၌ လူထုတွေ့ဆုံပွဲနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုနည်း သရုပ်ပြခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၇ ရက်က ကုလားကုတ်ကျေးရွာအုပ်စု အပေါ်ဆိပ်ကျေးရွာ ဘုန်းကြီး ကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင်ရေးမြို့နယ် (ခေတ္တ)တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ခိုင်ဇော်က အဖွင့်အမှာစကားပြောကြားပြီး ရေးခရိုင် စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထိန်စိုးက ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ရေးမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးအောင်ကိုလတ်က မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြုရာတွင် လွယ်ကူမြန်ဆန်နည်းစနစ်မှန်ကန်စွာ မဲပေးနိုင်ရေးအတွက် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးခြင်း သရုပ်ပြပွဲကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မင်းမင်း**



## လှည်းကူးမြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်နည်းပြအဆင့်သင်တန်းဖွင့်

လှည်းကူး နိုဝင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်မည့်မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား



ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး လုပ်ငန်းလမ်းညွှန်နည်းပြအဆင့်သင်တန်းဖွင့်ပွဲကို ယမန်နေ့က လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(လှည်းကူး) အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ လှည်းကူးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအသန်းက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား သင်တန်းဖွင့်လှစ်ပို့ချရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

အဆိုပါသင်တန်းတွင် မဲရုံသုံးပုံစံများ ရေးသွင်းခြင်း၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ တပ်ဆင်ခြင်း၊ မဲရုံဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်ခြင်း၊ မဲပေးခြင်းလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ခြင်း၊ မဲရုံပိတ်သိမ်းခြင်းလုပ်ငန်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဒေးဒရဲမြို့နယ်၌ ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် မဲရုံသုံးပစ္စည်းများ စတင်ထုတ်ပေး

ဒေးဒရဲ နိုဝင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ ကျောင်းသားကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများအား ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် မဲရုံသုံးပစ္စည်းများကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ထုတ်ပေးလျက်ရှိသည်။

ကြိုတင်ဆန္ဒမဲလက်မှတ် ထုတ်ပေးရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းဝင်းက မြို့နယ်အတွင်းမှ အခြားမြို့နယ်များရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များသို့ တက်ရောက်မည့် ကျောင်းသားကျောင်းသူများ ရပ်ကွက်၊ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြိုတင်ဆန္ဒမဲများ ပေးနိုင်ရန် နိုဝင်ဘာ ၁၇ မှ ၂၀ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ မဲရုံများ ဖွင့်လှစ်ပေးထားမည်ဖြစ်ပြီး မဲလက်မှတ်များ လုံခြုံစွာထုပ်ပိုးသိမ်းဆည်းနိုင်ရေးနှင့် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများသို့ ကြိုတင်ဆန္ဒမဲလက်မှတ်များနှင့် မဲရုံသုံးပစ္စည်းများအား စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **အေဇာလင်း**



## ပေါက်ခေါင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေး

ပေါက်ခေါင်း နိုဝင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးစီးအရာရှိ ဒေါ်ခင်ချောမြင့်နှင့် ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးမောင်တို့က မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် အသုံးပြုနည်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူကြ



သည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများက သိရှိလိုသည်များ မေးမြန်း၍ မဲပေးစက်ဖြင့် တစ်ဦးချင်းလက်တွေ့စမ်းသပ်မဲပေးခဲ့ကြကြောင်း သိရသည်။ **ဖုန်းကျော်ဇင်(ပြန်/ဆက်)**

## ခရမ်းမြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အတွင်း တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်သင်တန်းကို ယမန်နေ့နံနက် ၉ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖြဟ္မစိုရ်ခန်းမ၌ ဖွင့်လှစ်သည်။

**ရှင်းလင်းပြောကြား**

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ရဲက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဒေါ်ကြည်စင်သန့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၀၄ ဦးတို့ တက်ရောက်လျက်ရှိကာ သင်တန်းကာလမှာ နိုဝင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိဖြစ်ပြီး ဒုတိယအသုတ် သင်တန်းကို နိုဝင်ဘာ ၁၉ ရက်တွင် ဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# လားရှိုးမြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**လားရှိုး နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လားရှိုးခရိုင်ရုံးနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက် ၉ နာရီက အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အေးမင်းဦး၊ ရှမ်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်၊ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်)ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တွဲဖက်ပြည်နယ်မှူး ဦးဇော်ဋွေးအောင်၊ ပြည်နယ်ပညာရေးမှူးရုံးခွဲ (ရှမ်းမြောက်) မှ ညွှန်ကြားရေးမှူး ဦးတင့်ဆွေနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းတို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။



ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပနိုင်ရေးအတွက် ချီးမြှင့်ပေးအပ်သည့် ငွေကျပ်သိန်း ၃၀ ကို ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးက ပေးအပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တွဲဖက်ပြည်နယ်မှူး ဦးဇော်ဋွေးအောင်ကလည်းကောင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ရာ ဟိုတယ်လုပ်ငန်းရှင်အသင်းနှင့် စက်သုံးဆီလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူများကလည်းကောင်း၊ မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်း ရှမ်းပြည်နယ် (မြောက်ပိုင်း)ဥက္ကဋ္ဌ ဒေါ်ခင်သန်းနွဲ့ (မမလားရှိုး)က စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းကြူကလည်းကောင်း လက်ခံရယူခဲ့ကြသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ စသည့်ဖြင့် ဉာဏစွမ်းရည်ပြိုင်ပွဲ ငါးပွဲ၊ ကာယစွမ်းရည်ပြိုင်ပွဲများဖြစ်သည့် ဆန်ကောရွက်၊ ခါးလှည့်၊ မုန့်စား၊ အာလူးကောက် စသည့် ကာယစွမ်းရည်ပြိုင်ပွဲ လေးပွဲ၊ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း၊ “လှပသာယာပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြပွဲ၊ အခြေခံပညာကျောင်း သိပ္ပံပြခန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်းများနှင့် စာအုပ်ဈေးရောင်းပွဲတော်တို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**လားရှိုး(ပြန်/ဆက်)**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၃၁၇ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၈**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မဲ့ထော်သလေး (KK Park)နှင့်ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၂၆၉ ဦး၊ လာအိုနိုင်ငံသား ၃၁ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁၆ ဦးနှင့် တောင်ကိုရီးယားနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၃၁၇ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



ဦးစွာ ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Counsellor Mr. Pranav Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံရုံးမှ Second Secretary Mr. Bounkham Manivan နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ First Secretary Mr. LE Trung Kien နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်ကိုရီးယား သမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Rhee Wuchan နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၁၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၈၄၀ စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၈၅၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၈၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကျိုက်ထိုမြို့နယ်၌ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ပညာပေးသင်တန်းဖွင့်လှစ်

**ကျိုက်ထို နိုဝင်ဘာ ၁၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်မည့် နည်းပညာများနှင့် စပါးအထွက်နှုန်း ကွာဟချက်များ ဆန်းစစ်လေ့လာခြင်းနှင့် အကြိုစစ်တမ်းကောက်ယူခြင်းပညာပေးသင်တန်းကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးမျိုးမင်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးဝင်းဗိုလ်က သင်တန်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးမျိုးမင်းထွန်းက စပါးအထွက်နှုန်း ကွာဟချက်များ ဆန်းစစ်လေ့လာခြင်းနှင့် အကြိုစစ်တမ်း ကောက်ယူခြင်းကို ဆွေးနွေးပို့ချပြီး ပြည်နယ် မြေမျိုး၊ ရေ၊ နည်းဘာသာရပ်ကျွမ်းကျင်သူများမှ ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့ရှိ သင်တန်းသား သင်တန်းသူ ၅၀ တို့အား စာတွေ့လက်တွေ့နှစ်ရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ပြည့်ဖြိုး(ပြန်/ဆက်)**

# အုတ်တွင်းမြို့နယ်၌ မီးဘေးကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**အုတ်တွင်း နိုဝင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အတွက် မီးဘေးစစ်ဆေးခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက ပဲခူးလမ်းရပ်ကွက်အတွင်းရှိနေအိမ်များအား တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးခြင်းနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အကြံပြုခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ စစ်ဆေးရာတွင် မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ ထားရှိစေရေးနှင့် မီးသတ်ဆေးဘူးများ ထားရှိစေရေး၊ မီးဘေးအန္တရာယ် ကျရောက်လာပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ အချိန်မီဆက်သွယ်အကြောင်းကြားပေးရန် အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။ **ခင်ခင်မာ(ပြန်/ဆက်)**

နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေဖို့ မဲပေးကြပါစို့

## Open Tender ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါလုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် အတွေ့အကြုံရှိ၍ စိတ်ပါဝင်စားသော ကုမ္ပဏီများအနေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းဆိပ်ကမ်း၊ တော်ဝင်သံကူကွန်ကရစ်ဆိပ်ခံတံတား၏ တောင်ဘက်ကပ်လျက် မြေနေရာတွင် အပြည်ပြည်ဆိုင်ရာကမ်းရိုးတန်း ဆိပ်ကမ်းသစ်တစ်ခု တည်ဆောက်နိုင်ရန်အတွက် တိုင်းတာခြင်း၊ လေ့လာဆန်းစစ်ခြင်းနှင့် ပုံစံဒီဇိုင်းများ ရေးဆွဲခြင်း လုပ်ငန်း။**

၂။ **တင်ဒါပုံစံဝယ်ယူနိုင်သည့် နေ့ရက်နှင့် အချိန်** - ၂၀-၁၁-၂၀၂၅ ရက်နေ့မှ ၂၈-၁၁-၂၀၂၅ ရက်နေ့အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါဖွင့်မည့်နေ့ရက်နှင့်အချိန်** - ၅-၁၂-၂၀၂၅ (သောကြာနေ့)၊ ၁၃:၀၀ နာရီ

၄။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - အမှတ်-၁၀၊ ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်၊ မြို့ပြအင်ဂျင်နီယာဌာန

၅။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း၊ ၀၉-၄၃၀၄၉၃၁၇၊ ၀၉-၄၀၈၉၀၈၈၀၀ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**


**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



## ကျောက်ဆည်မြို့နယ်၌ မဲစာရင်းများပြည့်စုံမှန်ကန်မှုရှိရေးနှင့် ကြိုတင်မဲပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ကျောက်ဆည် နိုဝင်ဘာ ၁၈

ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ မဲစာရင်းများပြည့်စုံမှန်ကန်မှုရှိရေး၊ မဲနှဲနယ်ပြင်ပရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် တက်ရောက်ပညာသင်ယူနေသည့် ကျောင်းသား ကျောင်းသူများ ကြိုတင်မဲပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ကျောက်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယာယီအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်က မဲရုံများ နိုဝင်ဘာလကုန်အပြီး ပြင်ဆင်ထားရှိရန်၊ ရွေးကောက်ပွဲတွင်အသုံးပြုမည့် မဲပေးစက်များ ထိခိုက်ပျက်စီးမှုမရှိစေရေးနှင့် သေဆုံးသူများ မဲစာရင်းတွင် ပါဝင်မှုမရှိစေရေး အလေးထားဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဒေါ်နွဲ့နွဲ့ခိုင်က မဲဆန္ဒနယ်ပြင်ပရှိ တက္ကသိုလ်၊ ဒီဂရီကော်လိပ်များတွင် တက်ရောက်ပညာသင်ယူနေသည့် ကျောင်းသားကျောင်းသူများ ကြိုတင်မဲပေးနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ ဆက်)


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၇)၊ နေသီရိ လမ်း၊ မြေကွက်အမှတ်(၈၆၄)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးကံထွေး (MMO.024236) အမည်ပေါက် ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၈၆၅)နှင့် ကပ်လျက် ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်စန္ဒာလွင် [၇/တငန(နိုင်)၁၁၁၃၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုလဲ့နိုင် [၁၂/စခန(နိုင်)၀၆၅၈၂၄] လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇာမွန် LL.B, C.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၉၄၄၉)**
**၀၉ - ၇၈၄၈၁၀၃၁၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ သုဇာတာ(၁၁)လမ်း၊ မြေကွက်အမှတ်(၇၇၇ ၃/၂)၊ မြေအကျယ်အဝန်း (၂၀x၆၀)ပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးလှသန်း (CA-၀၄၆၃၃၃) ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးသာဂဒိုး [၁၂/ဥကတ(နိုင်)၀၆၁၄၅၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိုးသန္တာ[၁၂/ဥကတ(နိုင်)၀၆၅၂၆၆]က ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်+နေအိမ်နှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဝင်းပပဖြူ LL.B. တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၁၆၂)**
**အမှတ်(၁၃၁)၊ အင်းဝလမ်း၊ (၁၂၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။**
**ဖုန်း- ၀၉-၄၂၁၀၄၅၃၂၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ သပြေတန်းအုပ်စု၊ ရန်အောင်ကျေးရွာ၊ မြေကွက်အမှတ်-၉၅ ဟုခေါ်တွင်သော မြေအကျယ်အဝန်း (အလျား ၄၁x အနံ ၃၇/၃၄)ပေ အကျယ်ရှိမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်နေအိမ်နှင့် လျှပ်စစ်မီတာ၊ ရေမီတာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင် အကျိုးခံစားလျက် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မေဇင်ဦး [၁၀/မလမ(နိုင်) ၂၇၈၂၀၇] ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးလင်း[၉/ရမသ(နိုင်)၀၇၀၂၈၇]၏ လွှဲအပ်ချက်အရ -**
**ဒေါ်သန္တာရှိန် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၆၇၂)**
**အမှတ်(၁၀၉)၊ သုမင်္ဂလာလမ်းမကြီး၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း- ၀၉-၄၂၀၃၂၀၁၁၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-ချင်းတွင်းအနောက်ရပ်၊ မြေရေိယာ (၀.၁၁၀)ရှိ မြေကွက်အမှတ် (ပ-၂၃၇၃၄)ကို အမည်ပေါက် ဒေါ်မေဖူးပွင့်စိုး (ဘ) ဦးခင်ရီ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁/ဗမန(နိုင်)၀၆၇၅၈၉] မှ ဒေါ်နွေမာစိုး (ဘ) ဦးမောင်ကျော်နိုင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၁/ဘသတ(နိုင်)၀၂၁၉၂၄]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**


## ကမမောင်းမြို့၌ အသက်(၁၅)နှစ်အောက်ကလေးများအား ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး

ကမမောင်း နိုဝင်ဘာ ၁၈

ဖာပွန်မြို့နယ် ကမမောင်းမြို့အတွင်း Special Immunization Activity အဖြစ် အသက်(၁၅)နှစ်အောက် ကလေးများအတွက် ကာကွယ်ဆေး လုံးဝမရရှိခဲ့သူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့်မရရှိခဲ့သူများအား အသက်အုပ်စုအလိုက် လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းနှင့် အသိပညာပေးဆွေးနွေးပွဲကို အလက(ခွဲ)(၁) ကမမောင်းမြို့၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ ဖာပွန်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးမင်းက ဒေသတွင်း ကျန်းမာရေးစောင့်ရှောက်ခြင်း လွှမ်းခြုံမှု တိုးတက်လာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဖာပွန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆုရဲထက်က ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကာကွယ်ဆေးအကြိမ်ပြည့်မရရှိခဲ့သော (၁၅)နှစ်အောက်ကလေးများအား ကာကွယ်ဆေးအမျိုးအစား ခုနစ်မျိုးကို အသက်အရွယ်အလိုက် နိုဝင်ဘာ ၁၇ ရက်မှ ၂၉ ရက်အထိ ထိုးနှံတိုက်ကျွေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် ဖာပွန်မြို့နယ် ကမမောင်းမြို့အတွင်း အသက်(၁၅)နှစ်အောက် ကလေးများအတွက် ကာကွယ်ဆေး လုံးဝမရရှိခဲ့သူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့်မရရှိခဲ့သူများအား အသက်အုပ်စုအလိုက် လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)


## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ (က+ခ)ရပ်ကွက်၊ ခ(၁၀)လမ်း၊ အမှတ်-၄၅၆ ဟုခေါ်တွင်သော ဦးသာနာပါလန်(ခ) THANA PALAN[၁၂/အစန(ပြု)၀၀၀၇၄၁] အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်

အထက်ပါလိပ်စာတည်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- မြို့သစ်(ခ)၊ မြေကွက်အမှတ်- ၄၅၆၊ ဧရိယာ (၀.၀၅၅) ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့်ပတ်သက်၍ မြို့မြေစာရင်း၌ အမည်ပေါက်ရှိသူ ဦးသာနာပါလန်(ခ) THANA PALAN က မိမိတစ်ဦးတည်း လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုပြောဆို၍ ပြန်လည်လွှဲပြောင်းရောင်းချလိုကြောင်းကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန် သဘောတူညီကြပြီးဖြစ်၍ ပစ္စည်းတန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာအရေးဆို ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းမာတင့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၇၂၂၄)**
**အမှတ်-၄၊ တော်ဝင်ချယ်ရီအိမ်ရာ၊ အောင်မင်္ဂလာလမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၉၆၀၁၁၇၈၀၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၇၆/၈၀)ဟုခေါ်တွင်သော ပေ(၇၀x၇၀)ရှိ မူလပိုင်ရှင် မစ္စတာကေမေတာ (BSN/W -၀၉၅၂၁၀)၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံထားရသူ ဦးအောင်မွန် (E/RGN-၀၀၁၉၁၄) အမည်ပေါက် မြေပေါ်ရှိ (၄)ခန်းတွဲ (၈)ထပ်တိုက် (A)မှ တိုက်ဘက်မျက်နှာမူလျှင် ဝဲဘက်ခြမ်း (၈.A)လွှာ ပေ(၇၀x ၁၇ခွဲ)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူလက်ရှိတရားဝင်ပိုင်ဆိုင်ထားသူ ဒေါ်ခင်မြကြွယ် [၁၂/မဂတ(နိုင်) ၀၆၇၁၉၇]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇာခြည်ဝင်းကြွယ် [၁၂/လသယ(နိုင်) ၀၂၉၂၂၇]မှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်း အထောက်အထား(မူရင်း)များ ပြည့်စုံစွာဖြင့် ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါတိုက်ခန်းအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာဝင်းရွှေ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၄၅၇၇၀/၂၇-၂-၂၀၁၅)**
**အမှတ်(၁၂၆)၊ သုမိတ္တာ(၅)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၂၀၇၆၆၄၂၇**

## "အမွေစားအမွေခံသား၊ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အေးသာယာရပ်ကွက်၊ တော်ဝင်(၂)လမ်း၊ အမှတ်(ဒီ/၁၆၉)နေ ဦးခင်ထွေး [၁၂/သလန(နိုင်)၀၃၅၁၅၈]၊ ဒေါ်သန်းသန်းဌေး [၁၂/သလန(နိုင်) ၀၃၅၁၅၉]တို့၏ သား၊ သမီးများဖြစ်သော (၁) ဦးအောင်ဆန်းဦး[၁၂/သလန(နိုင်)၁၀၁၇၂၄]၊ (၂)ဦးကျော်ရဲထွန်း [၁၂/သလန(နိုင်) ၁၃၄၁၂၁]၊ (၃)ဒေါ်လှိုင်ထိပ်ထားခင် [၁၂/သလန(နိုင်)၁၆၀၃၄၇]၊ (၄)ဦးနိုင်းနိုင်း [၁၂/သလန(နိုင်)၁၈၄၄၂၆]တို့သည် မိဘများ၏ ဆိုဆုံးမမှုကိုနာခံမှုမရှိဘဲ မိခင်ဖြစ်သူအား ကိုယ်စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုမူဆောင်ရွက်ခြင်း၊ ရိုင်းစိုင်းစွာ ခြိမ်းခြောက်ပြောဆိုခြင်းများကို မကြာခဏပြုလုပ်ဆောင်ရွက်သဖြင့် သား၊ သမီးများအဖြစ်မှ အမွေပြတ်ကြေညာပြီး ဤကြေညာစာအရ ကြေညာ၍ (၁)ဦးအောင်ဆန်းဦး၊ (၂) ဦးကျော်ရဲထွန်း၊ (၃) ဒေါ်လှိုင်ထိပ်ထားခင်၊ (၄) ဦးနိုင်းနိုင်းတို့နှင့် ပတ်သက်သော ငွေရေးကြေးရေးဆိုင်ရာကိစ္စရပ်များ၊ လူမှုရေးကိစ္စရပ်များနှင့် အခြားကိစ္စရပ်များသည် ၎င်း၏တာဝန်သာဖြစ်ပြီး နောက်နောင်တွင် (၁) ဦးအောင်ဆန်းဦး၊ (၂) ဦးကျော်ရဲထွန်း၊ (၃)ဒေါ်လှိုင်ထိပ်ထားခင်၊ (၄) ဦးနိုင်းနိုင်းတို့နှင့် ပတ်သက်သည့် မည်သည့်ကိစ္စရပ်များကိုမျှ မိခင်ဖြစ်သူမှ လုံးဝ၊ လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၈၆၇)**
**ရှေ့နေ့များရုံးခန်း၊ သန်လျင်မြို့နယ်တရားရုံး၊ သန်လျင်မြို့။ ဖုန်း-၀၉-၅၁၈၅၁၆၇**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ )
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၆၄

ကွယ်လွန်သူ ဦးအေးသောင်း၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၇၁)၊ မြေအကျယ် (၄၀ပေx ၆၀ပေ)၊ ဧရိယာ (၀.၀၅၅) ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်၌နေထိုင်ခဲ့သော ကွယ်လွန်သူ အမွေရှင် ဦးအေးသောင်း၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်း လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် (၇၁)နေ ဒေါ်ရီရီသန့်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်)နေ့ နံနက် (၁၀:၃၀) နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ကွယ်လွန်သူ ဦးအေးသောင်း၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်း မရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ရီရီသန့်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မောင်မောင်လွင်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**
**တရားသူကြီး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၂)၊ ဗိုလ်တာရာလမ်း၊ မြေကွက်အမှတ်(၁၉၂/ခ) ဒေါ်အေးကြည် (AD.052018) စာအမှတ်(၆၆)ပါမစ်မူရင်းအမည်ပေါက် (၂၀x၆၀)ပေမြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော (၁၀x၆၀)ပေရှိ ပါမစ်မူရင်းမြေကွက်မှ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် လက်ဝယ်၊ လက်ရှိ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ်အဆက်စပ်စာချုပ်မူရင်းများနှင့် အပြီးအပိုင်ရောင်းချသူ ဦးလှဝင်း[၁၂/ဥကတ(နိုင်)၀၃၇၉၃၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာထွန်း[၈/ပခက(နိုင်)၀၀၁၀၆၅] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B) အထက်တန်းရှေ့နေ (စဉ်-၄၈၁၇၈)**
**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**

## ကုမ္ပဏီပိုင်ကုန်အမှတ်တံဆိပ်ဖြစ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံအနောက်မြောက်ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ်-၅၀ တွင် တည်ရှိသော CORAL AGRI TRADING COMPANY LIMITED၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၃၂၇၉၂၁၀၀ သည် အောက်ဖော်ပြပါ အမှတ်တံဆိပ်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနသို့ မှတ်ပုံတင်လျှောက်ထားရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနက ၈-၁၁-၂၀၂၅ ရက်နေ့၌ Application Number- T/2025/005162 ဖြင့် လက်ခံရရှိကြောင်း ပြန်ကြားခဲ့သဖြင့် ယင်းအမှတ်တံဆိပ်သည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ-၁၈ နှင့်အညီ ဆောင်ရွက်ပြီးစီးသည့် အမှတ်တံဆိပ်ဖြစ်ပါသည် -




ကုမ္ပဏီသည် အထက်ပါအမှတ်တံဆိပ်ကို အသုံးပြု၍ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ် ဆေးနှင့် အပင်အားတိုးဆေးများကို ထုတ်လုပ်ခြင်း၊ လက်လီလက်ကားဖြန့်ဖြူးရောင်းချခြင်း၊ ဆိုင်ခွဲဖွင့်လှစ်ရောင်းချခြင်းတို့ကို ပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပါသည်။


သို့ဖြစ်ပါ၍ မည်သူမျှ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှီငြမ်းသုံးစွဲခြင်း၊ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ကုန်ပစ္စည်းတွင် ဖော်ပြအသုံးပြုခြင်း၊ အခြားတစ်နည်းနည်းဖြင့် အသုံးပြုခြင်းတို့ကို တားမြစ်ပါကြောင်းနှင့် အမှတ်တံဆိပ်ကို မည်သည့်ပုံစံဖြင့်မဆို မှီငြမ်းသုံးစွဲခြင်း၊ ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုခြင်း၊ အခြားတစ်နည်းနည်းဖြင့် အသုံးပြုခြင်းတို့ ဆောင်ရွက်ကြောင်းတွေ့ရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**CORAL AGRI TRADING COMPANY LIMITED ၏**
**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စန်းယုထွေး** | **ဒေါ်မေခင်ခန့်** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်- ၅၆၈၁၇/၂၀၂၅)** | **(စဉ်-၅၆၉၄၃/၂၀၂၅)** |
| **အမှတ်-၄၅၊ တော်ဝင်စင်တာ၊** | **အမှတ်-၄၅၊ တော်ဝင်စင်တာ၊** |
| **ဒုတိယထပ်၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊** | **ဒုတိယထပ်၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊** |
| **ရန်ကုန်တိုင်းဒေသကြီး။** | **ရန်ကုန်တိုင်းဒေသကြီး။** |

## ကုမ္ပဏီပိုင်ကုန်အမှတ်တံဆိပ်ဖြစ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံအနောက်မြောက်ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ်-၅၀ တွင် တည်ရှိသော CORAL AGRI TRADING COMPANY LIMITED၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၃၂၇၉၂၁၀၀ သည် အောက်ဖော်ပြပါအမှတ်တံဆိပ်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနသို့ မှတ်ပုံတင်လျှောက်ထားရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနက ၈-၁၁-၂၀၂၅ ရက်နေ့၌ Application Number- T/2025/005161 ဖြင့် လက်ခံရရှိကြောင်း ပြန်ကြားခဲ့သဖြင့် ယင်းအမှတ်တံဆိပ်သည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပုဒ်မ-၁၈ နှင့်အညီ ဆောင်ရွက်ပြီးစီးသည့် အမှတ်တံဆိပ်ဖြစ်ပါသည် -



ကုမ္ပဏီသည် ဖော်ပြပါအမှတ်တံဆိပ်ကို ကုမ္ပဏီကိုယ်စားပြုအမှတ်တံဆိပ်အဖြစ်လည်းကောင်း၊ မိမိတို့ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမည့် ကုန်ပစ္စည်းများတွင် ဖော်ပြ၍လည်းကောင်း အသုံးပြုမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မည်သူမျှ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှီငြမ်းသုံးစွဲခြင်း၊ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ကုန်ပစ္စည်းတွင် ဖော်ပြအသုံးပြုခြင်း၊ အခြားတစ်နည်းနည်းဖြင့် အသုံးပြုခြင်းတို့ကို တားမြစ်ပါကြောင်းနှင့် အမှတ်တံဆိပ်ကို မည်သည့်ပုံစံဖြင့်မဆို မှီငြမ်းသုံးစွဲခြင်း၊ ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုခြင်း၊ အခြားတစ်နည်းနည်းဖြင့် အသုံးပြုခြင်းတို့ ဆောင်ရွက်ကြောင်း တွေ့ရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**CORAL AGRI TRADING COMPANY LIMITED ၏**
**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စန်းယုထွေး** | **ဒေါ်မေခင်ခန့်** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်- ၅၆၈၁၇/၂၀၂၅)** | **(စဉ်-၅၆၉၄၃/၂၀၂၅)** |
| **အမှတ်-၄၅၊ တော်ဝင်စင်တာ၊** | **အမှတ်-၄၅၊ တော်ဝင်စင်တာ၊** |
| **ဒုတိယထပ်၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊** | **ဒုတိယထပ်၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊** |
| **ရန်ကုန်တိုင်းဒေသကြီး။** | **ရန်ကုန်တိုင်းဒေသကြီး။** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ပိတောက်ပတ်လမ်း၊ အမှတ်(PV-83)၊ မြေတိုင်းရပ်ကွက်အမှတ် ( )၊ ဧရိယာ(၀.၀၅၅)ဧကအကျယ်ရှိ Digibridge Company Limited မှတ်ပုံတင်အမှတ် (၁၀၃၀၄၁၆၁၉) အမည်ဖြင့် နှစ်(၆၀)မြေငှားဂရန်(လျှောက်ထားဆဲ)မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အဦနေအိမ်တွင် တွယ်ကပ်တပ်ဆင်ထားသော အိမ်သုံးမီတာ(၁)လုံး၊ ရေမော်တာ(၁)လုံးအပါအဝင် သီးပင်စားပင် အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့နှင့်စပ်လျဉ်း၍ လက်ရှိထားဝယ်ယူပိုင်ဆိုင်လျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဒေါ်မာမာကြည်[၁၂/မရက(နိုင်)၀၇၇၅၁၅]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေက ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
| **ဦးဝဏ္ဏဇော် (စဉ်-၉၇၈၀)၊** | **ဦးမင်းမင်း (စဉ်-၂၇၃၂၀)** |
| **ဒေါ်စိုးစိုးနွယ် (စဉ်-၁၄၁၈၃)** | **ဒေါ်နွေးနွေးအိ (စဉ်-၄၉၄၇၁)** |
| **ဒေါ်စန်းစန်းနု (စဉ်-၁၄၁၈၄)၊** | |
| **ဒေါ်အေးမွန်သိန်း (စဉ်-၁၆၂၆၉)** | |
| **ဒေါ်အိအိစံ (စဉ်-၁၀၂၁၈)** | |

**အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း-၀၉-၅၁၈၁၁၈၅၊ ၀၉-၅၁၄၃၈၀၂**

## "အများသိစေရန် ကြော်ငြာစာ"

တပ်ကုန်းမြို့နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုအေး(ခ)ဒေါ်ခင်ချိုအေး [၉/တကန(နိုင်)၁၀၇၀၆၅] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည် -

ကျွန်ုပ်မိတ်ဆွေ၏ ခင်ပွန်းသည် ဦးကျော်ကျော်ဦး(ခ)ဦးကျော်ကျော်[၉/တကန(နိုင်)၁၀၇၁၅၂]သည် (၂၆-၇-၂၀၂၄)နေ့တွင် ကွယ်လွန်သွားပြီးနောက် လင်မယားနှစ်ဦး၏ လက်ထက်ပွားပစ္စည်းအဖြစ် မန္တလေးတိုင်းဒေသကြီး၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ တဲမြင့်အုပ်စု၊ တဲမြင့်ကျေးရွာဟုခေါ်တွင်သော ကွင်းအမှတ်(၁၂၆၅/က)၊ ကွင်းအမည်-ဖုန်းဆိုးကြီးအရှေ့၊ ဦးပိုင်အမှတ်(၃၁)၊ ဧရိယာ(၉.၂၆)ဧကမှာ ကျွန်ုပ်၏မိတ်ဆွေမှ ခင်ပွန်းသည်(ကွယ်လွန်)ပြီးနောက် ဇနီးသည်အဖြစ် အမွေဆက်ခံရရှိသည့် လယ်ကွက်အဖြစ် ယခုထက်တိုင် လက်ဝယ်ထားရှိရန် ပိုင်ဆိုင်လျက်ရှိသည်မှာ မှန်ကန်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်အမှုသည်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမပါဘဲ အဆိုပါလယ်ကွက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ဝင်ရောက်စိုက်ပျိုးခြင်းနှင့် အခြားတစ်နည်းနည်းအရ လွှဲပြောင်းခြင်းအား ပြုလုပ်ခွင့်မရှိပါကြောင်း ဤကြော်ငြာစာဖြင့် တားမြစ်အပ်ပါသည်။ အကယ်၍ အထက်ပါတားမြစ်ချက်များအား တစ်စုံတစ်ယောက်မှ ပြုလုပ်ဆောင်ရွက်ခဲ့ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်သူမြင့် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၁၁)**
**အမှတ်-(၉၈၇)၊ ရတနာပုံ(၁၀)လမ်း၊ ၉/ရပ်ကွက်၊ သာကေတမြို့နယ်။**
**Ph:09-420010569**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်းအမှတ်(၄/ပဒေသာ)၊ ဦးပိုင်အမှတ်(၉၄)၊ မြေဧရိယာ(၀.၂၂၀)ဧကရှိ မြေကွက်အား ဦးကျော်မြင့် [၇/သဝတ(နိုင်)၀၄၇၂၉၁]မှ မြေငှားဂရန် အမည်ပြောင်း သက်တမ်းတိုးဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
### အလုံခရိုင်တရားရုံးတော်
### ၂၀၂၅ ခုနှစ် တရားမထွေထွေမှုအမှတ်-၆၉

**ကွယ်လွန်သူဒေါ်အုန်းခင်နှင့်ဒေါ်ဖွားတို့၏**
**ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ လှည်းတန်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆-အေ)၊ မြေကွက်အမှတ်-၁၉၉၊ အိမ်အမှတ်-၃၁ တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်အုန်းခင်နှင့် ဒေါ်ဖွားတို့၏ အမွေပုံပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည်အကြောင်းနှင့် ဦးမောင်မောင်သိန်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်အုန်းခင်နှင့် ဒေါ်ဖွားတို့၏ ကျန်ရစ်ခဲ့သည့်ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၂)ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဦးမောင်မောင်သိန်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၁၇)ရက်တွင်ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သူဇာအေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**အလုံခရိုင်တရားရုံး**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ လက်ခိုက်ကျေးရွာ၊ ကွင်းအမည်(လက်ခိုက်ကွင်း)၊ ကွင်းအမှတ်(၂၉၇)၊ ဦးပိုင်အမှတ်(၁၅/၂)၊ အကျယ်(၅၄x၁၅၀)ပေခန့်၊ ဧရိယာ(၀.၁၈)ဧကရှိ ဦးဖြိုးမြင့်လွင် ဥယျာဉ်မြေခွန်ပြေစာ အမည်ပေါက်သည့်မြေကွက်၊ ယင်းမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဖြိုးမြင့်လွင် [၁၂/ကမရ(နိုင်)၀၅၃၉၇၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"လွှဲအပ်ညွှန်ကြားချက်အရ"**
**ဦးအောင်နိုင်ထူး LL.B, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၅၇၅)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်းအောက်၊ (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်။ Ph:09-420088970**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၈၂၀)၊ နှစ်ခန်းတွဲ (၃)လွှာနှင့် (၄)လွှာ၊ လက်ဝဲဘက်ခြမ်း အပေါ်အောက်(၂)ခန်း၊ အကျယ်(၁၂ ပေခွဲ x ၅၀ ပေ)စီရှိ တိုက်ခန်းများ၊ ယင်းတိုက်ခန်းများနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးကျော်မြင့် [၁၃/တကန(နိုင်)၀၁၁၇၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**"လွှဲအပ်ညွှန်ကြားချက်အရ"**
**ဦးအောင်နိုင်ထူး LL.B, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၅၇၅)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်းအောက်၊ (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်။ Ph:09-420088970**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ နယ်မြေ(၁၅)၊ မြို့ပတ်လမ်းမပေါ်တွင်တည်ရှိသည့် ကွင်းအမှတ်(၆၇၆/A)၊ ဗိုလ်ချုပ်ရွာမကွင်း၊ ဦးပိုင်(၂၁/၁)၊ ဧရိယာ(၀.၆၁)ဧက၊ ဧရိယာ(၀.၄၄)ဧကအကျယ်ရှိ ဦးမျိုးနိုင်အမည်ပေါက် ဥယျာဉ်ခြံမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးဝင်းသိန်း(ခ)ဦးမျိုးနိုင် (ဘ) ဦးဘခွေး [၁၂/ပဇတ(နိုင်)၀၂၅၇၀၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုစုဟန်[၁၂/ကတန(နိုင်)၀၈၂၇၇၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက် အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိဦး (LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၀၁၉၇၈၆၊ ၀၉-၇၉၉၂၂၉၁၈၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့၊ စံချိန်မီအဆင့်(၁)မြို့သစ်ရပ်ကွက်၊ မြေကွက်အမှတ် (၉၇၄)၊ အကျယ်အဝန်း(ပေ ၂၀ x ပေ ၆၀) ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်သန္တာရီ[၁၂/ကတန(နိုင်)၀၈၃၁၀၇]ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနိုင်လင်းအောင်[၁၂/ကတန(နိုင်)၁၀၆၆၁၁]က ဝယ်ယူရန်အတွက် (၁၄-၁၁-၂၀၂၅)ရက်နေ့တွင် "နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ် စရန်ပေးကတိစာချုပ်"ကို ချုပ်ဆို၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်းကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနိုင်လင်းအောင်၏ လွှဲအပ်ချက်အရ -**
**ဒေါ်အေးအေးမာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၁၈၀၅)**
**အမှတ် (၈၆)၊ ဒုတိယထပ်၊ ၄၉-လမ်း (အလယ်)၊ ၁ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၄၂၅၂၃၄၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၆၊ မြေကွက်အမှတ်-၃/က၊ မြေကွက်တည်နေရာအမှတ် (၁၀/ခ)၊ သံသုမာလမ်း၊ (ဃ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးဘတင် အမည်ပေါက် B မြေအား မြေဧရိယာ (၃.၀၈၉၅)ဧကအနက်မှ တရားဝင်မခွဲစိတ်ရသေးသော ဧရိယာ (၂၀'x၆၀') (Portion)ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုဆောင်ရွက်ပေးစေလိုမှုဖြင့် ဦးသိန်းငွေ၊ ဦးဘတင်တို့ (တရားပြိုင်)ထားကာ ဦးသီဟမှ (တရားလို) ပြုလုပ်၍ တရားစွဲဆိုသော သဃ်န်းကျွန်းမြို့နယ်၊ တရားမကြီးမှုအမှတ်(၁၃/၂၀၂၁)၏ စီရင်ချက် ဒီကရီ၊ တရားမဇာရီမှုအမှတ်(၁၃/၂၀၂၂)၏ အမိန့်၊ (၈-၈-၂၀၂၅) ရက်စွဲပါ တရားရုံးဘီလစ်ခန့်စာတို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဦးထွန်းထွန်းအောင် [၉/မလန(နိုင်)၀၉၅၇၆၈] (Portion) ဖြင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ နန်းယမုံမြင့်လွင် [၁၂/ကမရ(နိုင်)၀၆၄၅၈၅] (ဘ) ဦးမြင့်လွင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ဦးညီညီမင်းနိုင် [၁၂/အစန(နိုင်) ၂၀၀၂၈၃] (ဘ) ဦးဆန်းဦးနှင့် နန်းယမုံမြင့်လွင် [၁၂/ကမရ(နိုင်)၀၆၄၅၈၅] (ဘ) ဦးမြင့်လွင်တို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အကြင်လင်မယားအဖြစ် (၆-၂-၂၀၁၆) နေ့မှစ၍ ပေါင်းသင်းနေထိုင်လာခဲ့ကြပြီး သားတစ်ဦး ထွန်းကားခဲ့ပါသည်။ ယခုအချိန်တွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် (၁၁-၁၁-၂၀၂၅) နေ့တွင် မိမိတို့၏ လွတ်လပ်သောသဘောဆန္ဒဖြင့် "အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်"ကို လက်မှတ်ရေးထိုး၍ နှစ်ဦးသဘောတူ ကွာရှင်းပြီးဖြစ်ပါကြောင်းနှင့် နောက်နောင်တွင်လည်း တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**နန်းယမုံမြင့်လွင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြင့်မြင့်အေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၃၉ /၁၀-၈-၂၀၁၇)**
**အမှတ်-၁၆၀၊ ဒုတိယထပ်၊ ၃၄-လမ်း(အထက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09-250643729**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃-သုဝဏ္ဏ)၊ လူနေရပ်ကွက်အမှတ်- ၊ မြေကွက်အမှတ် (၃၂၉)၊ အကျယ်အဝန်း(၆၀x၈၀)ပေ၊ ဧရိယာ (၀.၁၁၀)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၂၉)၊ ဂန္ဓမာလမ်း၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒုတိယဗိုလ်မှူးကြီးမြတ်အေး [၁၃/တကန(နိုင်)၀၄၄၆၀၈] အမည်ပေါက်မှတ်သားတည်ရှိပြီး ဒုတိယဗိုလ်မှူးကြီးမြတ်အေး ကွယ်လွန်ပြီးဖြစ်သဖြင့် (၁) ဒေါ်သီတာဝင်း [၁၃/တကန(နိုင်)၀၈၄၉၉၆]၊ (၂) ဒေါ်စိုးမြတ်မော်(ခ)ဒေါ်ခိုင်ခိုင်ထွန်း [၁၂/ဒဂန(နိုင်)၀၂၁၆၃၉]၊ (၃) ဦးမြတ်ကျော်စွာဦး [၁၂/ဒဂန(နိုင်) ၀၂၀၇၄၇]၊ (၄) ဒေါ်စိုးစိုးထွန်း [၁၂/ဗဟန(နိုင်)၀၄၇၅၀၈]၊ (၅) ဒေါ်ဝင်းမြမြထွန်း [၁၂/ဗဟန(နိုင်)၀၈၇၀၁၀]၊ (၆) ဒေါ်ကေသွယ်ဇော် [၇/ပမန(နိုင်)၀၀၃၉၅၂]တို့မှ အမွေဆက်ခံပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး ၎င်းတို့ထံမှ အရောင်းတန်ဖိုးသတ်မှတ်၍ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီဖြစ်ပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစိန်ရီ တရားလွှတ်တော်ရှေ့နေ (စဉ်-၃၀၃၆)**
**အမှတ် (၂၂)၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၂၅၀၅၀၃၂၃၈၊ ၀၁-၂၂၃၉၅၆**

❖ ဒေသတစ်ခုနှင့် နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပညာတတ် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## မွန်တိုးတက်ရေးပါတီနှင့် ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၁၈

မွန်တိုးတက်ရေးပါတီနှင့် ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တို့တွင် ဖော်ပြပါရှိပါသည်။

ကြေးမုံ

# မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အင်တိုက်အားတိုက် တိုက်ဖျက်လျက်ရှိ

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်မှု ရှိ/မရှိအား အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် ရှင်းလင်းဆောင်ရွက်နေ

နေပြည်တော် နိုဝင်ဘာ ၁၈

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ အသက်၊ သွေး၊ ချွေးများ၊ ယာဉ်ယန္တရားများ၊ ငွေကြေးများစွာ ကုန်ကျခံရင်းနှီးပေးဆပ်၍ ပူးပေါင်းပါဝင်တိုက်ဖျက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို တိုက်ဖျက်လျက်ရှိရာ ကရင်ပြည်နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်မှုမရှိစေရေး နိုင်ငံတော်အစိုးရအနေဖြင့် ညွှန်ကြားထားရှိပြီး မြေပြင်တွင် လိုက်နာလုပ်ကိုင်ဆောင်ရွက်နေမှု ရှိ/မရှိနှင့် တရားမဝင်လုပ်ငန်းများ လုပ်ဆောင်နေခြင်း ရှိ/မရှိတို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် ယနေ့နံနက်ပိုင်းမှစ၍ စတင်ရှင်းလင်းဆောင်ရွက်နေပြီဖြစ်ပြီး စစ်ဆေးတွေ့ရှိမှုများကို ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✻




မြဝတီမြို့နယ် KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်နေသည့် အဆောက်အအုံများအား စနစ်တကျ ဖောက်ခွဲဖျက်ဆီးနေမှုကို တွေ့မြင်ရစဉ်။

## ရခိုင်ပြည်နယ်နှင့် မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၈

နိုင်ငံတော် အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ် လူငယ်များအပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးကို အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းချမှုများအား ထိရောက်စွာ တားဆီးကာကွယ် တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် မူးယစ်ဆေးဝါး သယ်ဆောင်လေ့ရှိသည့် လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေ ဖော်ထုတ်ဖမ်းဆီးမှုများတိုးမြှင့် လုပ်ဆောင်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း၍

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ○



ပုသိမ်မြို့ (၁)ရပ်ကွက် ဆင်အိုးဖိုရပ် ကမ်းနားလမ်းရှိ ဂိုဒေါင်အမှတ်(၁၉)၌ တရားခံ နှစ်ဦးနှင့်အတူ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

## ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၈

၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန – ၁ (MICC – 1)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယင်းနေ့ နံနက် ၉ နာရီ မိနစ် ၂၀ မှစတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV–HD၊ MRTV Parliament၊ MWD HD၊ MWD Variety HD Channel၊ Readers Channel၊ Channel 9 နှင့် Up to Date Channel၊ မြန်မာ့အသံရေဒီယို၊ သဇင် FM၊ MOI Website၊ MOI Youtube၊ MRTV App အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက် (LIVE) ရိုက်ကူးထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

သတင်းစဉ်